# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 30 January 2019 ၆၅၆၇


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးစွာ ထိတွေ့ဆက်ဆံခဲ့သည့် သမိုင်းကြောင်းနှင့်အညီ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ထောင်ထားရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ပုံမှန်ကျင်းပသွားရေး၊ နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် သတင်းမီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic အား လက်ခံတွေ့ဆုံစဉ်။

**(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်**

စာမျက်နှာ » ၅

**သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး တစ်နိုင်ငံလုံး ထိုးနှံပေးမည်**

စာမျက်နှာ » ၇

**အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးရန် တရုတ်ထိပ်တန်း စေ့စပ်ဆွေးနွေးသူ ဝါရှင်တန်သို့ ရောက်ရှိ**

စာမျက်နှာ » ၁၂


KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

# ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။
(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁)ရာစုပင်လုံ' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။
(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ'ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
(၅) ကောင်းမွန်သော ပညာရေးနှင့်လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

# ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်များ

☆ ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းလျှင် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

☆ တန်းတူညီမျှ . . .အခွင့်အရေးရ
ငြိမ်းချမ်းသာယာ . . .ပြည်ထောင်စုမှာ
တန်းတူညီမျှ . . .တာဝန်ယူကြ
လုံခြုံခိုင်မာ . . .ပြည်ထောင်စုမှာ။

## ကြေးမုံ

## စီးပွားရေးအခွင့်အလမ်းကောင်းများကိုရယူ

မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် Invest Myanmar Summit 2019 အခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပခဲ့ရာ စီးပွားရေးနယ်ပယ်ကဏ္ဍစုံမှ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ၏ စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ပြောင်းလဲတိုးတက်နေသော ရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းများကို မြင်တွေ့ခဲ့ရသည်။

အဆိုပါအခမ်းအနားဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မိမိတို့၏ပထဝီအနေအထား အားသာချက်၊ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လုပ်ခသက်သာမှုနှင့် မိမိတို့ပြည်သူများ၏ ကြီးမားသည့် စွမ်းပကားများသည် တစ်ချိန်က အနောက်နိုင်ငံများအနေဖြင့် အရှေ့နိုင်ငံများဆီသို့ ကမ္ဘာ့စီးပွားရေး ခွဲဖြာထွက်မှု ဖြစ်ပေါ်ခဲ့သကဲ့သို့ ပြန်လည်ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည့် အခွင့်အလမ်းများကို ဖမ်းဆုပ်ရန် အချိန်အခါကောင်းပင်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

နှစ်ရက်တာကျင်းပသည့် အခမ်းအနားမှ ရင်းနှီးမြှုပ်နှံမှု အလားအလာနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပြသနိုင်သည့် အဖိုးတန်သည့် အခွင့်အလမ်းများကို ရရှိကြလိမ့်မည်ဖြစ်သည်။ ထိုသို့ဖော်ထုတ်ပြသနိုင်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးများပြီး နှစ်သက်ဖွယ်ကောင်းသည့် အတွေးအမြင်များကို ရရှိစေသဖြင့် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုစိတ် ဖြစ်ပေါ်လာအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ၏ တည်နေရာသည် ပထဝီအနေအထားအရ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် နေရာတွင်ရှိနေပြီး မဟာဗျူဟာအရ အလွန်အရေးပါသော ဈေးကွက်နေရာတစ်ခုဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်းနိုင်ငံတို့ကို ကုန်သွယ်ကူးသန်းဖြတ်သန်းရာ လမ်းဆုံနေရာတွင်ရှိနေခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် စိတ်ဝင်စားဖွယ်အကြောင်းအချက်တစ်ခု ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံနှင့်အတူ တရုတ်၊ အိန္ဒိယနိုင်ငံကြီး နှစ်နိုင်ငံ၏ လူဦးရေ ၃ ဒသမ ၅ ဘီလီယံကျော်ရှိသည့် စားသုံးသူဈေးကွက်ကို ကိုယ်စားပြုထားသည်။

မြန်မာနိုင်ငံသည် စီးပွားရေးအရ အချက်အချာကျပြီး သင့်တင့်သော ဈေးကွက်ပမာဏကို ပိုင်ဆိုင်ထားသည့်အပြင် ဈေးကွက်များ တစ်နေ့တခြား ကျယ်ပြန့်နေသဖြင့် နိုင်ငံတကာဈေးကွက်နှင့် ဆက်သွယ်ချိတ်ဆက်လျက် အကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်မည်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိပြီး သဘာဝသယံဇာတနှင့် သဘာဝဓာတ်ငွေ့များ ပေါများကြွယ်ဝသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းရှိ ထိုင်းနိုင်ငံအရှေ့ပိုင်း စီးပွားရေးစင်္ကြံနှင့် ချိတ်ထားသည်။ ထို့အပြင် နိုင်ငံအများနှင့် ဆက်သွယ်နိုင်သော ပင်လယ်ရေလမ်းကြောင်းလည်း ရှိသည်။

မြန်မာနိုင်ငံတွင် အားလုံးပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးသော လိုအပ်ချက်ဖြစ်သည်။ အစိုးရနှင့် ပုဂ္ဂလိက လက်တွဲပူးပေါင်း၍ ဈေးကွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာအောင် တွန်းအားပေးနေသည်။ မြန်မာနိုင်ငံတွင် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်နေပြီး အလားအလာကောင်းများရှိနေပြီ။ စိန်ခေါ်မှုများရှိနေသော်လည်း စီးပွားရေးမှာ တွန့်ဆုတ်သွားခြင်းမရှိချေ။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အသစ်အသစ်ပေါ်ထွက်လာသော စီးပွားရေးအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ပြီး စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲနေသော အချိန်အခါတွင် အစိုးရနှင့် ပုဂ္ဂလိက တက်ညီလက်ညီ လက်တွဲပူးပေါင်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**



### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရန်ကုန်(ရွှေဈေး) ၁၀၅၇၅၀၀ - ၁၀၅၇၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၇၅၀၀ - ၁၀၅၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၅/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၅/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၅/၆၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၃.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၃၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၉၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၇.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၂၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၂.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၇.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၅၂၇

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Invest Myanmar Summit 2019 သို့ တက်ရောက် ဆွေးနွေး




**နေပြည်တော် ဇန်နဝါရီ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းကျင်းပသည့် Invest Myanmar Summit 2019 ၏ ဒုတိယနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲဒုတိယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် YGA Capital Limited မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးသူရကိုကိုက စီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သည့် ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးသည်။

**ဆောင်ရွက်သွားမည်**

ယင်းဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းက ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ဝန်ကြီးဌာနအသစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သိသာထင်ရှားသော အပြောင်းအလဲတစ်ခု ဖြစ်ပါကြောင်း၊ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခွင့် လျှောက်ထားခြင်းအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် My Co System ကို စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူစေရန်အတွက် စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP)နှင့် Land Bank ကိုရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စတုတ္ထစက်မှုတော်လှန်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာ့လူငယ်များသည် နိုင်ငံတကာအဆင့်ထိ ထိုးဖောက်နိုင်စွမ်းရှိသည်ကို မကြာမီကျင်းပခဲ့သည့် Robotic Olympic တွင် အောင်မြင်မှုများရရှိခဲ့သည်ကို သာဓကအနေဖြင့် တွေ့မြင်နိုင်ပါကြောင်း၊ ပထဝီအနေအထားအရ ကမ္ဘာ့တိုးတက်မှု အမြန်ဆုံးသော နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကြားတွင်ရှိနေသည့် မြန်မာနိုင်ငံသည် အချက်အချာကျသည့် နေရာတွင်ရှိပါကြောင်း၊ Belt & Road Initiative ၏ အရေးပါမှု၊ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုတို့ကို ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူများအပါအဝင် နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန် ဆောင်ရွက်နိုင်ရေးသည်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးဝိုင်းဝန်းလုပ်ဆောင်ရန် အဓိကပြောကြားလိုပါကြောင်း ပြောကြားသည်။

**အဓိကကျသည့် စိန်ခေါ်မှု**

ထို့နောက် ရခိုင်ပြည်နယ်ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့်အခြေအနေများကို သိရှိနားလည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီနှင့် ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်တို့ကို ဖွဲ့စည်းခဲ့ပြီး ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျနေခြင်းသည် အဓိကကျသည့် စိန်ခေါ်မှုများအနက် တစ်ခုဖြစ်ပါကြောင်း၊ မည်သူ့တွင် တာဝန်ရှိသည်ကိုအပြစ်ဖို့နေခြင်းထက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျပန်- မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့ ညနေ ၄ နာရီခွဲတွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း (Japan-Myanmar Association) ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့အား နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့်စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မအီမြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသ

**မအီ ဇန်နဝါရီ ၂၉**

မြောက်ဦးဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ၏ သက်တော် (၆၀) ပြည့် မွေးနေ့အထိမ်းအမှတ် စက္ခုဒါန အလှူအဖြစ် ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် မအီမြို့နှင့် အနီးပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ ကုသပေးခြင်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ မအီမြို့ တိုက်နယ်ဆေးရုံအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ ဆောင်ရွက်မှုကို ဦးအောင်မျိုးမင်းက ဦးဆောင်၍ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာနီလာသိန်းနှင့် မျက်စိအထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်ကြီး၊ သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင် အင်ဂျင်နီယာများ လိုက်ပါပြီး ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မာန်အောင်၊ အမ်း၊ မအီ၊ ငပလီ၊ သံတွဲ၊ တပ်တောင်မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ စနဲ စသည့်မြို့နယ် ၁၃ မြို့နယ်တို့မှ မျက်စိဝေဒနာရှင် စုစုပေါင်း ၂၉၉၈ ဦးကို စမ်းသပ်ကုသပေးခဲ့ကြကာ အတွင်းတိမ်ဝေဒနာရှင် ၃၃၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြသည်။

မျက်စိခွဲစိတ်မှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အလှူငွေများ ပေးအပ်သည်။

ထို့အပြင် MCM ကုမ္ပဏီမှ ဝန်ထမ်းများနှင့် မြို့ခံလူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော သဟာရာကအသင်း၊ မေတ္တာရှင်လူမှုကူညီရေးအသင်းနှင့် လေးဝတီကုလရက္ခိတအသင်း(ကျောက်ဖြူ)တို့ကလည်း လုပ်အားဒါနများ ပေးခဲ့ကြသည်။

မျက်စိအခမဲ့ခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် ညပိုင်းတွင် မအီမြို့ မြောက်ဦးဆရာတော်၏ တောကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဆရာတော်ကြီး၏ ရဟန်းမယ်တော်ကြီးဖြစ်သော ဒေါ်လှကြည်(မာမား)နှင့် အလှူရှင်များက အလှူငွေများပေးအပ်ပြီး အောင်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာရင် ကျွန်တော်တို့နိုင်ငံအတွက် တိုးတက်မှုတွေပိုမိုရှိလာမယ်လို့ ယုံကြည်

## Invest Myanmar Summit 2019 တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံခြင်းအစီအစဉ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းကျင်းပသည့် Invest Myanmar Summit 2019(IMS) ဒုတိယနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံခြင်းအစီအစဉ်တစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါတွေ့ဆုံခြင်းအစီအစဉ်တွင် YGA Capital Limited မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးသူရကိုကိုက စီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းဆွေးနွေးချက်များမှ ကောက်နုတ်ချက်များကို ဖော်ပြလိုက်ပါသည်-

**သတင်းအဖွဲ့**

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (Ministry of Investment and Foreign Economic Relations-MIFER) ဖွဲ့စည်းခဲ့တာ ရက်သတ္တ ၁၀ ပတ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ MIFER ရဲ့ ဦးစားပေးအစီအစဉ်တွေနဲ့ပတ်သက်ပြီး သိလိုပါတယ်။**

**ဖြေ။** ။ ကျွန်တော်တို့ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာဖို့အတွက် အလေးထားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဆင်ပြေအောင် ညှိနှိုင်းပေးသူအဖြစ် လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။

### ပြုပြင်ပြောင်းလဲဖို့ပြင်ဆင်

World Economic Forum တက်အပြီး ဒါးဗို့စ်ကနေ ကျွန်တော် ပြန်လာတဲ့အချိန် လေယာဉ်ပေါ်မှာ အခုတက်ရောက်လာသူထဲကတချို့ကို တွေ့ခဲ့ပါတယ်။ အခုလို မိမိနဲ့အတူ မြန်မာနိုင်ငံကို လိုက်ပါလာတဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။ ဒါးဗို့စ်မှာ မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာ့အသိုင်းအဝိုင်းထဲမှာ ရှင်းလင်းပြသနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဟာ စီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ တံခါးဖွင့်ပေးထားတယ်၊ ပြီးတော့ ကမ္ဘာ့အခင်းအကျင်းနဲ့ လိုက်လျောညီထွေဖြစ်မယ့် လိုအပ်တဲ့ပြောင်းလဲမှုတွေ လုပ်ဆောင်နေတယ်ဆိုတာကို အသိပေးနိုင်ခဲ့ပါတယ်။ ယခုကျင်းပပြုလုပ်နေတဲ့ IMS ထိပ်သီးအစည်းအဝေးဟာ မြန်မာနိုင်ငံရဲ့လက်တွေ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သိမြင်နိုင်မယ့် အခွင့်အလမ်းတစ်ခုပဲဖြစ်ပါတယ်။

ယနေ့ကမ္ဘာကြီးဟာ နည်းလမ်းမျိုးစုံနဲ့ ပြောင်းလဲနေပါတယ်။ လက်ရှိဦးတည်နေတဲ့ စတုတ္ထမြောက် စက်မှုတော်လှန်ရေးဟာ ကျွန်တော်တို့နိုင်ငံအပေါ်မှာ နည်းလမ်းမျိုးစုံနဲ့ အကျိုးသက်ရောက်မှုရှိနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာလည်း ပြုပြင်ပြောင်းလဲဖို့အတွက် ပြင်ဆင်နေပါတယ်။

ကျွန်တော်တို့အနေနဲ့ စီးပွားရေးကဏ္ဍရဲ့ ပြုပြင်ပြောင်းလဲမှုတွေမှာ ပါဝင်လုပ်ဆောင်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာရင် ကျွန်တော်တို့နိုင်ငံအတွက် တိုးတက်မှုတွေပိုမိုရှိလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဥပဒေရေးရာမူဘောင်တွေကို ပြောင်းလဲဖို့ လိုအပ်ပါတယ်။ ဥပဒေရေးရာမူဘောင်ရဲ့ ပြုပြင်ပြောင်းလဲမှုမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုကတော့ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးပြုလာတာ ဖြစ်ပါတယ်။

### လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ်

MIFER ဝန်ကြီးဌာနရဲ့ ဦးစားပေးအစီအစဉ်တွေကို ပြောပြရမယ်ဆိုရင် ပထမဦးစားပေးကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်တဲ့နေရာမှာ လွယ်ကူဖို့ဖြစ်ပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ ကမ္ဘာ့ဘဏ်က ညွှန်းကိန်းတွေကို ကြည့်လိုက်ရင် တချို့က မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာဟာ မလွယ်ဘူးလို့ ဖော်ပြထားပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ လအနည်းငယ်အတွင်း မိမိတို့ဟာ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်တဲ့နေရာမှာသာ ယခုထက် လွယ်ကူစေဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေပါတယ်။

ကျွန်တော်တို့ လုပ်ဆောင်မယ့် ဒုတိယဦးစားပေးကတော့ Standard Operating Procedures (SOPs) ရေးဆွဲနေခြင်းဖြစ်ပါတယ်။ SOP ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ SOP မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ လွယ်ကူချောမွေ့စေဖို့ အစိုးရဌာနများရဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ ရိုးရှင်းပြီး ခန့်မှန်းနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်စပ်တဲ့ဝန်ဆောင်မှုတွေ ပေးတဲ့နေရာမှာ ပြတင်းတစ်ပေါက် Single Window နည်းလမ်း တည်ထောင်သွားနိုင်ဖို့လည်း လမ်းကြောင်းပေးနိုင်မှာဖြစ်ပါတယ်။

တတိယဦးစားပေးကတော့ မြေယာဘဏ် တည်ထောင်ခြင်းဖြစ်ပါတယ်။ မြေယာဘဏ် တည်ထောင်ခြင်းဟာဆိုရင် ရင်းနှီးမြှုပ်နှံသူများနဲ့ မြေယာအရင်းအမြစ်တွေကို ထိရောက်ပြီး ပွင့်လင်းမြင်သာတဲ့နည်းလမ်းနဲ့ ဆက်သွယ်ရာမှာ အထောက်အကူပြုပါတယ်။ မြေယာကိစ္စဟာဆိုရင် ရင်းနှီးမြှုပ်နှံသူတွေက ကျွန်တော်တို့ တင်ပြတဲ့ အဓိကအဟန့်အတားတွေထဲက တစ်ခုဖြစ်သလို မိမိတို့အနေနဲ့ မြန်မြန်ဆန်ဆန် တိုးတက်မှုရှိအောင် လုပ်နိုင်တဲ့ နယ်ပယ်တစ်ခုလည်းဖြစ်ပါတယ်။

**မေး။ ။ စတုတ္ထမြောက် စက်မှုတော်လှန်ရေးဟာ ဘယ်လောက်အထိ အကျိုးသက်ရောက်နိုင်ပါသလဲ၊ အဆင့်တွေကို ကျော်လွှားနိုင်ပါ့မလား၊ ကျွန်တော်တို့အနေနဲ့ ဘယ်လောက် အကျိုးအမြတ်ရနိုင်မလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**


**ဖြေ။** ။ တိရစ္ဆာန်တွေရဲ့ စွမ်းအားကိုအသုံးပြုတဲ့ ပထမ စက်မှုခေတ်ပြောင်းတော်လှန်ရေး၊ mass production ဖြစ်တဲ့ ဒုတိယမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာတွေ ထွန်းကားလာတဲ့ တတိယမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးတွေပြီးတဲ့နောက် စက်ရုပ်တွေနဲ့ automation ကို အသုံးပြုလာတဲ့ စတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေး ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီစတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးမှာ ကျွန်တော်တို့ဟာ နောက်ကျကျန်ခဲ့လို့ မဖြစ်ပါဘူး။

### ဆက်သွယ်ရေးနည်းပညာ လျင်မြန်စွာတိုးတက်

မြန်မာနိုင်ငံဟာ အခြေအနေအရပ်ရပ်ကြောင့် တံခါးဖွင့်ဝါဒ ကျင့်သုံးနိုင်ခဲ့ခြင်းမရှိဘဲ ဒုတိယ စက်မှုတော်လှန်ရေးကို အပြည့်အဝ အကောင်အထည်မဖော်နိုင်ခဲ့ဘဲ တတိယစက်မှုတော်လှန်ရေးဖြစ်တဲ့ ဒစ်ဂျစ်တယ်ပြောင်းလဲမှုနဲ့လည်း လွဲချော်ခဲ့ပါတယ်။ စတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးကို လိုက်ပါနိုင်ဖို့ဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောခဲ့တဲ့အတိုင်း ပြောရမယ်ဆိုရင် မြန်မြန်ဆန်ဆန်နဲ့ ပြေးရုံတင်မကတော့ဘဲ quantum leap လို ခုန်ကျော်ပြီး အသွင်ကူးပြောင်းရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ လူငယ်တွေဟာစတုတ္ထမြောက် စက်မှုခေတ်ပြောင်းတော်လှန်ရေးအတွက် အနာဂတ်ပဲ ဖြစ်ပါတယ်။ Robotic Olympic မှာ ၁၆၃ အနက် အဆင့် ၆ ရှိခဲ့တဲ့ အောင်မြင်မှုဟာ မြန်မာနိုင်ငံအောင်မြင်မှုရဲ့ ပြယုဂ်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ထက်ဝက်ကျော်ဟာ အသက်(၃၀)အောက် လူငယ်တွေဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးနည်းပညာတွေဟာ လျင်မြန်စွာတိုးတက်လျက်ရှိပြီး ၎င်းတို့နဲ့ ဆက်စပ်တဲ့ ဝန်ဆောင်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးလာနေပြီဖြစ်ပါတယ်။ ငွေရေးကြေးရေးဆိုင်ရာ နည်းပညာများဖြစ်တဲ့ fin-tech လုပ်ငန်းတွေ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဥပမာ- တယ်လီနော၊ FMI နဲ့ ရိုးမဘဏ်တို့ပေါင်းပြီး လုပ်ဆောင်တဲ့ Wave Money ဟာဆိုရင် အောင်မြင်မှုရရှိနေပြီဖြစ်ပါတယ်။ အလားတူ KBZ Pay ဟာလည်း အချိန်တိုအတွင်း ပြည်သူလူထုက လက်ခံသုံးစွဲနေပြီဖြစ်ပါတယ်။



**မေး။ ။ ဆက်သွယ်ရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ရာမှာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပေးခြင်းဖြင့် တိုးတက်နိုင်စေခဲ့ပါတယ်။ အခြေခံအဆောက်အအုံကဏ္ဍအဆင့်မြှင့်ဖို့ အရေးကြီးပုံကို သိလိုပါတယ်။**

**ဖြေ။** ။ စိန်ခေါ်မှုတွေဟာ တကယ်တော့ အခွင့်အလမ်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောင်းတတ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံအတွက် အခြေခံအဆောက်အအုံပိုင်းမှာ စိန်ခေါ်မှုတွေရှိနေပါတယ်။ ဒါတွေဟာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဝင်ရောက်လုပ်ကိုင်နိုင်တဲ့ အဖိုးတန်အခွင့်အလမ်းတစ်ခုလည်းပဲ ဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်ဖို့လို

ဒါ့အပြင် မြန်မာနိုင်ငံဟာ အကောင်းဆုံးနယ်နိမိတ်ဖြစ်ပြီး တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာ တည်ရှိပါတယ်။ ဒါ့အပြင် ပထဝီဝင်အနေအထားအရ အာရှတိုက်တစ်ခုလုံးရဲ့ သယ်ယူပို့ဆောင်ရေး အချက်အချာနေရာမှာ တည်ရှိနေပါတယ်။ ဒါကြောင့် အခြေခံအဆောက်အအုံတွေ ကောင်းမွန်နေရင် မြန်မာနိုင်ငံရဲ့အချက်အချာကျမှုကို ကောင်းမွန်စွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍမှာ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး အခြေခံအဆောက်အအုံကဏ္ဍကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။

**မေး။ ။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနဲ့ ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးရဲ့အမြင်ကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ Belt and Road Initiative နဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ တရုတ်နိုင်ငံရဲ့ အင်အားကြီးမားလာမှုဟာ ကျွန်တော်တို့အတွက် အခက်အခဲမဟုတ်ပါဘူး။ ဒေသတွင်း ထိပ်တိုက်ရင်ဆိုင်ခြင်း မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

### စနစ်တကျဖွဲ့စည်းခဲ့

လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်းကတည်းက မြန်မာနိုင်ငံဟာ အခြားနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ပါတယ်။ တရုတ်၊ အိန္ဒိယနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်မှာပါတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းစီမံကိန်းကို တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ win-win solution ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ရေနက်ဆိပ်ကမ်းကိစ္စအတွက်လည်း လက်တွေ့ဆောင်ရွက်ဖို့နဲ့ လိုအပ်ချက်တွေ ပြည့်မီအောင် ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ စစ်တွေဆိပ်ကမ်းကို အိန္ဒိယနဲ့ပူးပေါင်းပြီး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်နဲ့ပတ်သက်လို့ ရင်းနှီးမြှုပ်နှံမှု အသိုက်အဝန်းမှာ စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အစိုးရရဲ့ဆောင်ရွက်မှုများကိုလည်း ရှင်းပြပေးပါဦး။**

**ဖြေ။** ။ ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်ကို အစိုးရအနေနဲ့ သိရှိခဲ့ပါတယ်။ လက်ရှိအစိုးရ အာဏာရရှိပြီးချိန်မှာ ရခိုင်ပြည်နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်တွင်း စိန်ခေါ်မှုများကို အခြေခံကျကျ ဖြေရှင်းနိုင်ဖို့ ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်အကြံပေးကော်မရှင်နဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းများကို လုပ်ဆောင်နိုင်ဖို့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD)တို့ကို စနစ်တကျ ဖွဲ့စည်းခဲ့ပါတယ်။

### လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေရှိနေ

သို့သော်လည်း အကြမ်းဖက်မှုတွေကြောင့် အဆိုပါလုပ်ငန်းစဉ်များ ထိခိုက်ခဲ့ရပါတယ်။ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တာဝန်ကို ပူးတွဲထမ်းဆောင်နေတဲ့ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေးနဲ့ လုံခြုံရေးဟာ အဓိကဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အဖြေရှာရာမှာ ဖိအားပေးခြင်း၊ အပြစ်တင်ဝေဖန်နေခြင်းတို့ထက် ဝိုင်းဝန်းကူညီခြင်းက ပိုမိုထိရောက်မှုရှိစေပါတယ်။ တာဝန်ခံမှု တစ်ခုတည်းအပေါ် အာရုံထားနေလို့မရပါဘူး။ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံဖို့ အထူးသဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍများမှာ အလေးထားဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ရခိုင်ပြည်နယ်ဟာ မြေသြဇာကောင်းမွန်တဲ့ ဒေသတစ်ခုဖြစ်ပြီး တစ်ချိန်က မြန်မာနိုင်ငံရဲ့ ဆန်အိုးကြီးဖြစ်ခဲ့ပါတယ်။ လာမယ့် ဖေဖော်ဝါရီလမှာ ကျင်းပမယ့် ရခိုင်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို တက်ရောက်ဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ လုံခြုံရေးပြဿနာ ရင်ဆိုင်နေရတာ မဟုတ်ပါဘူး။ ရခိုင်ပြည်နယ်မှာ မြို့နယ်ပေါင်း ၁၇ မြို့နယ် အနက် သုံးမြို့နယ်မှာသာ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေ ရှိနေပြီး ကျန်ဒေသများမှာ အေးချမ်းတည်ငြိမ်နေပါတယ်။ ။

# (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၉

**(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆို အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ အောင်စာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်ကြေညာသည်။ (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်ဆိုအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘော ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၁၁)ပါး**

၁။ ပလ္လင်အမှတ်(၃၂၅) အရှင်ကောသလ္လ(ကော့ကရိတ်)၊ အသက်(၄၀)နှစ်၊ သိက္ခာ(၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၃၇) အရှင်အဂ္ဂါစာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၃၉) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၄၈) အရှင်ဝိမလ(ပခုက္ကူ)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၅၅) အရှင်ပညိန္ဒ(ပျော်ဘွယ်)၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၆၃) အရှင်ဝိလာသ(တွံတေး)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၇၃) အရှင်သုမင်္ဂလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၃၇၇) အရှင်ပညာသာရာလင်္ကာရ(ယင်းမာပင်)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၃၉၁) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၃၉၇) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၃၉၈) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ရေးဖြေအောင်စာရင်း**

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ (၂)ပါး**

၁။ ပလ္လင်အမှတ်(၂၅၄) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၄၁)နှစ်၊ သိက္ခာ (၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၆၈) အရှင်ဣန္ဒကာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ (၅)ပါး**

၁။ ပလ္လင်အမှတ်(၂၈၉) အရှင်ပညာနန္ဒ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ပလ္လင်အမှတ်(၃၀၅) အရှင်စန္ဒဇောတိ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၁၁) အရှင်ခေမာစာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၁၄) အရှင်စန္ဒောဘာသလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၁၅) အရှင်သောဘန၊ အသက် (၃၁)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၈)ပါး**

၁။ ပလ္လင်အမှတ်(၃) အရှင်ပညိန္ဒ(မုံရွာ)၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၄) အရှင်ခေမသိရီလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၅) အရှင်ဝိနယ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၆) အရှင်ပညာဇောလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၇) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်

၆။ပလ္လင်အမှတ်(၁၀) အရှင်အာစာရာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၁) အရှင်အစ္စရိယ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၂) အရှင်ခေမိဿရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ(၂၅)ပါး**

၁။ ပလ္လင်အမှတ်(၁၆) အရှင်နန္ဒိယ(ရွှေတောင်)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၀) အရှင်သောဘဏ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၆) အရှင်သောဘန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၇) အရှင်အဂ္ဂဓမ္မ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၀) အရှင်သီလာဝုဓာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၃) အရှင်သိရီဓမ္မ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၃၉) အရှင်ကုမာရ(ဖျာပုံ)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၆) အရှင်သုဇန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၄၇) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၄၈) အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၅၆) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၆၂) အရှင်ဓမ္မာနန္ဒာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၆၄) အရှင်ဝိလာသဂ္ဂ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ အုန်းတောရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၆၅) အရှင်သီလာစာရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၇၀) အရှင်သောဘန(သရက်)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၇၂) အရှင်ဥတ္တရာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၇၄) အရှင်တေဇနိယ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၇၆) အရှင်ဝါသဝ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**(ဆက်လက်ဖော်ပြပါမည်)**

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ဖေဖော်ဝါရီ ၁၅ ရက်တွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၁၈ ခုနှစ် ပရိယတ္တိစာမေးပွဲများတွင် ဓမ္မာစရိယသုံးကျမ်းပြီး စာအောင်ဘွဲ့ရ ၉၃၆ ပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ခြောက်ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန် အထူးအောင် အပါး ၂၀၊ နိကာယ်စာမေးပွဲတွင် အထူးအောင်အပါး ၂၀၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌(ပထမ၊ ဒုတိယ၊ တတိယ)ရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းမည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်သတင်းပေးပို့ကြပါရန်**

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပြီးဖြစ်ကြောင်း၊ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟကျောင်းဆောင် စာမေးပွဲဌာနခွဲ ဌာနစု(၁၄)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်အပ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

မော်လိုက် မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းအစား ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်းအားလည်းကောင်း၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်းအစား တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေးအားလည်းကောင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုးအစား တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်အားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့တင်ပြ၍ သဘောတူညီချက်ရယူသည်။

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာ (၂/ ၂၀၁၉)ကို ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်းက **ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လပတ်အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/ ၂၀၁၉)** ကိုဖတ်ကြားတင်ပြရာတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အခွန်အကောက်ရငွေလျာထားချက်များ ရေးဆွဲရာတွင် ယခင်ဘဏ္ဍာရေးနှစ်များ၏ အမှန်ကောက်ခံရရှိမှုနှင့် ပကတိဖြစ်ပေါ်နေသော အခြေအနေများကိုအခြေခံ၍ လျာထားသတ်မှတ်သင့်သည်ကို သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း၊အထူးကုန်စည်ခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းများပြုလုပ်ရာတွင် ထိုကဲ့သို့ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကုန်ကျစရိတ်နှင့် အကျိုးကျေးဇူးနှိုင်းယှဉ်လေ့လာသုံးသပ်မှုကို စနစ်တကျပြုလုပ်ပြီးမှသာ ဆောင်ရွက်သင့်သည်ကို သဘောထားမှတ်ချက် ပြုအပ်ပါကြောင်း။

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအဖြစ် ၂၀၁၄ ခုနှစ်မှ စတင်ပြဋ္ဌာန်းဆောင်ရွက်ခဲ့ချိန်မှစ၍ နှစ်စဉ်ပြဋ္ဌာန်းချက်များတွင် အခွန်နှုန်းထားများ လျှော့ချသတ်မှတ်ခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ ဖြေလျှော့မှုများစွာ ပြုလုပ်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် အခွန်ဆိုင်ရာ မှန်ကန်သော သတင်းအချက်အလက်များကို ပြည့်ပြည့်ဝဝမရရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် အခွန်အကောက်ဆိုင်ရာ မှန်ကန်သော သတင်းအချက်အလက်များရရှိနိုင်ပြီး အခွန်ဆိုင်ရာလိုက်နာမှု အားကောင်းလာစေရေးအတွက် အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် တိုးချဲ့ဆောင်ရွက်လျက်ရှိရာတွင် IT နည်းပညာကိုပါ အသုံးပြုရန် သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သို့ ပုံမှန်ပြုစုတင်ပြရမည့် အခွန်ဆိုင်ရာ အစီရင်ခံစာများတွင် အခွန်ထမ်းပြည်သူများဆိုင်ရာ အချက်အလက်များကိုပါ ထည့်သွင်းဖော်ပြရန် သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ အခွန်ရငွေစာရင်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအမှတ်စဉ်(၂/ ၂၀၁၉) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ (က)၊ (ခ)၊ (ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရင်း အစီရင်ခံစာကို လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထား မှတ်ချက်အစီရင်ခံစာ (၁/ ၂၀၁၉)များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက **ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ ထုတ်ပြန်ရေးနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/ ၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ** အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၈ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ယခင်နှစ်များက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အကြံပြုဆွေးနွေးချက်များနှင့်အညီ ပိုမိုပြည့်စုံသည့် မဟာဗျူဟာဖြစ်စေရန် ပြုစုတင်ပြထားခြင်း ဖြစ်ပါကြောင်း။

နောင်နှစ်များတွင်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာ (၁/ ၂၀၁၉)နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များနှင့်အညီ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ယခုတင်ပြသည့် ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၁၁) နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက အဆိုပါ အစီရင်ခံစာ(၁/ ၂၀၁၉) ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်



သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ယင်းအစီရင်ခံစာ(၁/ ၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းဆွေးနွေး၍လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၉ ရက်နေ့အထိ) အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ နှစ်စဉ်ရာထူးတိုးပေးမည့် ရာသီရောက်တိုင်းပညာရေးတိုးတက်မှုကို မဆောင်ရွက်နိုင်ဘဲ မတည်မငြိမ်မူဝါဒများနှင့် အငြင်းအခုံများဖြင့် အချိန်ကုန်လူပန်းစိတ်ခတ်ကျပြီး မူရင်းအလုပ်များ ပျက်ပြားစေပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အနေဖြင့် ဆရာ ဆရာမများ ရာထူးတိုးမြှင့်ရေးအတွက် မှန်ကန်သောမူဝါဒတစ်ခု ပေါ်ပေါက်လာစေရေးကို အလေးထားဆောင်ရွက်ပေးပါရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ ဆရာ ဆရာမများအပြောင်းအရွှေ့နှင့် ရာထူးတိုးမြှင့်ရေး မူဝါဒ ခိုင်ခိုင်မာမာမရှိသေးသရွေ့ နစ်နာဆုံးရှုံးရမည်မှာ ကျောင်းသား ကျောင်းသူများဖြစ်ပြီး ပညာရေးတွင်လည်း နိမ့်ကျမှုများ ဖြစ်နေမည်ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပညာရေးဖြင့် အမှန်တကယ် တည်ဆောက်လိုပါက ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားပညာရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်ကို သတိချပ်စေလိုပါကြောင်း၊ ကော်မရှင်မှတင်ပြသည့် အကြံပြုချက်များကိုလည်း ဝန်ကြီးဌာနက အလေးထားစဉ်းစားအကောင်အထည်ဖော်ရမည် ဖြစ်သကဲ့သို့ ဝန်ကြီးဌာန၏ အခက်အခဲများကိုလည်း ကော်မရှင်က ပူးပေါင်းဖြေရှင်းပေးပါရန် အကြံပြု ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက နိုင်ငံတကာပညာတော်သင်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်သင့်ကြောင်းကို တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစံချိန်မီရန်အတွက် ကဏ္ဍတိုင်းတွင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏ လူသားစွမ်းအားအရင်းအမြစ်ကို ပထမဆုံး နိုင်ငံတကာစံချိန်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာသုံးအင်္ဂလိပ်ဘာသာကို အရေး၊ အဖတ်၊ အပြော၊ နားထောင်နှုန်းစွမ်းရည်အပြင် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စနစ်များကိုလည်း မြန်မာနိုင်ငံတွင် အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတကာစံချိန်မီသည့် မြန်မာ့ပညာရေးကို ရရှိမည်ဖြစ်သည့်အတွက် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနကို တိုက်တွန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း၊ ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ (ခေါ်) ဦးရွှေလှဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ထင်လင်းဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းရန် တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အရေးကြီးအဆို**ကို တင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံ၏အခြေအနေတွင် မြန်မာနိုင်ငံသား ပြည်သူများနှင့်အရေးကြီးသက်ဆိုင်သည့် ကိစ္စဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ရယူရန်လိုအပ်သည့်ကိစ္စလည်း ဖြစ်သည့်အတွက် တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တင်သွင်းရာတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ရာတွင် ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းမရှိသော ပြဋ္ဌာန်းချက်များ၊ ရှေ့နောက်ညီညွတ်ခြင်းမရှိသော ကွဲလွဲဆန့်ကျင်နေသည့် ပြဋ္ဌာန်းချက်များ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် အဟန့်အတားဖြစ်နေသည့် ပြဋ္ဌာန်းချက်များ၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတား ဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ အပြန်အလှန်ထိန်းကျောင်းရမည့် ဒီမိုကရေစီမဏ္ဍိုင်ကြီးသုံးရပ်အား တစ်ဖက်စောင်းနင်းဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများ၏ တန်းတူညီမျှမှုကို အကာအကွယ်ပေးနိုင်ခြင်းမရှိသည့် ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲများတွင် လွတ်လပ်၍ တရားမျှတရေးကို ထိခိုက်နေသည့် ပြဋ္ဌာန်းချက်များကို စိစစ်လေ့လာ တွေ့ရှိရပါကြောင်း။

ထို့ပြင် ၂၁ရာစု ပင်လုံညီလာခံတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ဒီမိုကရေစီအခြေခံအုတ်မြစ်များကို ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ဆန္ဒသဘောထားများကို ၂၀၁၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးပါဝင်သည့် မြို့နယ်ပေါင်း ၂၆၇ မြို့နယ်တွင် ရယူခဲ့ရာ ၉၇ ရာခိုင်နှုန်းသောပြည်သူများက ပြင်ဆင်ပြောင်းလဲလိုကြောင်း၊ ဆန္ဒပြုကြပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားကို အဓိကအခြေခံအချက်အဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့သဘောထားကို လျစ်လျူရှု၍ နိုင်ငံတော်၏ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်တည်ဆောက်နိုင်မည် မဟုတ်သည်မှာလည်း အမှန်တရားတစ်ခု ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်းဆုံးကာကွယ်စောင့်ရှောက်ရေးမှာ လက်ရှိဖြစ်ပေါ်ရောက်ရှိနေသည့် နိုင်ငံတော်၏ မျက်မှောက်အခြေအနေနှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး မျှော်မှန်းသည့် အနာဂတ်နိုင်ငံတော်ပုံဖော်ရေးကို ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီး၏ အဓိကတာဝန် ဖြစ်ပါကြောင်း။

ပြည်တွင်း၌ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများအတွက် ၂၁ ရာစုပင်လုံညီလာခံကြီးတွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့် ယခုအချိန်အခါတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)တွင် အရေးကြီးဆုံးဖြစ်သည့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်ဟု သဘောတူညီခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ သဘောတူညီချက်နှင့် လိုက်လျောညီထွေစွာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်နေပြီ ဖြစ်ပါကြောင်း။

ယခု လတ်တလောအခြေအနေတွင် လူမှုမီဒီယာသတင်း ကွန်ရက်များ၌ တွေ့ရှိနေရသည့် အချို့မြို့ကြီးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ရေးနှင့် သက်ဆိုင်သည့် စတစ်ကာကမ်ပိန်းများဖြင့် စတင်၍ လှုပ်ရှားနေသည်ကို တွေ့ရပါကြောင်း၊ ယခုအခြေအနေမျိုးတွင် အလွန်အရေးကြီးသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီးက မသိကျိုးကျွန်ပြုနေ၍ မသင့်လျော်ပါကြောင်းကို တင်ပြလိုပါကြောင်း၊ ထို့အပြင် မိမိ ယနေ့တင်ပြသည့် အဆိုသည် ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းနေခြင်း မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို စနစ်တကျဖြင့် လျင်လျင်မြန်မြန် ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန် အလွန်စနစ်ကျပြီး ပွင့်လင်းမြင်သာစွာနှင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မည့် ကော်မတီတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်ကြီးမှ အရေးတကြီးဖွဲ့စည်းပေးရန် လိုအပ်နေပြီဖြစ်သည့်အတွက် တင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိတင်ပြသည့် အဆိုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁၂) ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅တို့တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်းကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယခု မိမိတင်ပြနေသော တင်ပြချက်သည် ဖွဲ့စည်းပုံများကို စာမျက်နှာ ၇ သို့ » »

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးH.E.Mr. Lee Sang-hwa အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရေးအသင်း အပြန်အလှန်ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

» » **စာမျက်နှာ ၆ မှ**

ပြင်ဆင်ရေးအတွက် မူကြမ်းကို တင်ပြနေခြင်းမဟုတ်ဘဲ အကောင်အထည်ဖော်ရန်လိုအပ်သည့် ယန္တရားတစ်ခု စနစ်တကျတည်ဆောက်ရန် လိုအပ်သည့်အတွက် နည်းဥပဒေ ၆၆ အရ တင်ပြခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်လေ့လာစိစစ်သုံးသပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်ပါရန် ယခုအရေးကြီးအဆိုကို မြန်မာနိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ စစ်မှန်သည့်ဆန္ဒသဘောထားအပေါ် အခြေခံ၍ ပြည်ထောင်စုလွှတ်တော်သို့ လေးနက်စွာအဆိုပြုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သာကေတမဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်က ယင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချိန်ကာလအားဖြင့် ၁၀ နှစ်ကျော်လာပြီဖြစ်ပါကြောင်း၊ ၁၀ စုနှစ် တစ်ခုကျော် ကြာမြင့်လာသည့်အခါ ခေတ်ကာလနှင့် အခြေအနေများအလိုက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယခုတင်သွင်းလာသည့်အဆိုအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခွင့်ရမည်ဖြစ်သကဲ့သို့ ပြည်သူများကိုယ်စားပြု ဒီမိုကရေစီစနစ်အရ တာဝန်အပ်နှင်းလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စစ်မှန်သည့် သဘောဆန္ဒ၊ သဘောထားအပေါ်တွင် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအပေါ် သုံးသပ်ဆွေးနွေးဆုံးဖြတ်ပြင်ဆင်ခွင့်များ ရလာမည်ဖြစ်သည့်အတွက် ပြောင်းလဲချိန်တန်သည့် အချိန်အခါသစ်တွင် ပြည်သူနှင့်အတူ စုပေါင်းအင်အားကို ဖော်ဆောင်နိုင်ရန်အတွက် ယခုအရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ပါရန် ထောက်ခံအပ်ပါကြောင်း ပြောကြားသည်။

တပ်မတော်သားပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် မောင်မောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် မပြင်ရဟူ၍ ပြောခြင်းမဟုတ်ပါကြောင်း၊ ပြင်ဆင်ရန်အတွက် သဘောတူပါကြောင်း၊ သဘောတူသည့်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ရန်အတွက် တင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ခန်းမထဲ ရောက်နေသူများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်းမည်ဆိုပါက နည်းဥပဒေပုဒ်မ ၁၃၅ အရ ပြင်ဆင်ရန် ဥပဒေမူကြမ်းကို တင်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ပူးပေါင်းကော်မတီအဖွဲ့မှ စိစစ်မည်ဟုပါရှိပါကြောင်း၊ ယင်းသို့မဟုတ်ဘဲ ကော်မတီဖွဲ့စည်းပြီး စိစစ်မည်ဆိုပါက မည်သည့်ပုဒ်မကို စိစစ်မည်၊ ကော်မတီက မည်သည့်အရာများကို လုပ်မည်၊ ပုဒ်မများကိုလည်း မသိရပါကြောင်း၊ ကော်မတီသည် မည်မျှကျယ်ပြန့်သည်ကိုလည်း မိမိတို့အနေဖြင့် မသိရပါကြောင်း၊ ထို့ကြောင့် နည်းဥပဒေ ၁၃၆ အရ ပြင်ဆင်သည့်ဥပဒေကြမ်းကိုလည်း စတင်ဆွေးနွေးခြင်းမပြုမီတွင် သက်ဆိုင်ရာပူးပေါင်းကော်မတီမှ ဆွေးနွေးစိစစ်ပြီး အဆိုပါဆွေးနွေးချက်နှင့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်အားလုံးသို့ ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅ ဇယား ၄ တွင် ပါသည့်အတိုင်း ကတိသစ္စာပြုထားကြသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဥပဒေပြုရေးတာဝန်ကို အဓိကလုပ်ဆောင်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ လုပ်ဆောင်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း၊ ယခုကဲ့သို့ အဆိုတင်သွင်းပြီး မဲခွဲဆုံးဖြတ်ရမည့် ကိစ္စမဟုတ်ပါကြောင်း တင်ပြသည်။



ဗိုလ်မှူးချုပ် မောင်မောင်



ဒေါက်တာ မြတ်ဉာဏစိုး

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တပ်မတော်သားပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးချုပ် မောင်မောင်၏ တင်သွင်းချက်ကို လွှတ်တော်က လက်မခံပါကြောင်း ပြောကြားခဲ့ရာ တပ်မတော်သားပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ်၍ ကန့်ကွက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ယခုအချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းနေခြင်း မဟုတ်ပါကြောင်း၊ ကိုယ်စားလှယ် တစ်ဦးတစ်ယောက်၊ နိုင်ငံရေးပါတီတစ်စုတစ်ဖွဲ့မှ တင်သွင်းမည်ဆိုပါက ပြည်သူအများစု၊ နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံးနှင့် ၂၁ ရာစုပင်လုံညီလာခံ၏ ရည်မှန်းချက်များနှင့် သွေဖည်သွားမည် ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည့် အချိန်ကာလဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင်ရှိသည့် နိုင်ငံရေးပါတီအားလုံး၊ တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့များကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရှိရန် အဆိုရှင်က တင်သွင်းခဲ့သည့် အဆိုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်သည့်အတွက်ကြောင့် နာယကကြီးအနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ဆက်လက်ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးနက်စွာ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၃၉၄ မဲ၊ ကန့်ကွက်မဲ ၁၇ မဲ၊ ကြားနေမဲ ၃ မဲဖြစ်၍ ထောက်ခံသူ သုံးပုံ ၁ ပုံနှင့်အထက် ရရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး တစ်နိုင်ငံလုံးထိုးနှံပေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံ၌ အဖြစ်များနေသော သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အသက် ၁၀ နှစ်မှ ၁၄ နှစ်ကြားရှိ မိန်းကလေးငယ်များအား ၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဗဟိုအမျိုးသမီးဆေးရုံကြီး မီးယပ်နှင့်ကင်ဆာရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သင်းက ပြောသည်။


“ကျွန်မတို့နိုင်ငံက အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှု တတိယအများဆုံးနိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်နဲ့ကြည့်မယ်ဆိုရင်လည်း လူတစ်သိန်းမှာ ဖြစ်ပွားမှုအများဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာသားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှုနှုန်း လျော့ကျသွားစေဖို့ WHO က ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံခြောက်နိုင်ငံ ရွေးချယ်တဲ့အခါမှာ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ ဒီအစီအစဉ်နဲ့ ၂၀၂၀ မှာ ကျောင်းအခြေပြုပြီး အသက် ၁၀ နှစ်မှ ၁၄ နှစ်ကြား မိန်းကလေးတွေကို ကာကွယ်ဆေးထိုးနှံပေးသွားမှာဖြစ်ပါတယ်”ဟု ဒေါက်တာဒေါ်မြင့်မြင့်သင်းက ချက်ထရီယံဟိုတယ်၌ ကျင်းပသော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ ထုတ်ပြန်ခြင်းအခမ်းအနားတွင် ပြောသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အဆိုပါ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ထိုးနှံခြင်း မပြုမီ မကြာမီကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များရှိ မြို့ပေါင်း ၁၀ မြို့ကိုရွေးချယ်၍ အမျိုးသမီးများအား ကင်ဆာရောဂါကိုဖြစ်စေနိုင်သော ကြွက်နို့ပိုးရှိ၊ မရှိကို စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း ရောဂါပိုးရှိပါက ကုသပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာဒေါ်မြင့်မြင့်သင်းက ပြောသည်။

မြန်မာနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုနှုန်း လျော့ကျရေးအတွက် ၂၀၁၇ ခုနှစ်ကတည်းက WHO နှင့် UN အေဂျင်စီခုနစ်ခုက စစ်တမ်းကောက်ယူခြင်းအပါအဝင် လုပ်ငန်းအစီအမံများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ **(ယာပုံ)**


**လက်မှတ်ရေးထိုး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အဆင့်မြင့်ကိုယ်စားလှယ်ခရီးစဉ်များ အပြန်အလှန်သွားရောက်ရန် စီစဉ်ရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ပုံမှန်ကျင်းပသွားရေး၊ အားကစား၊ ကုန်သွယ်ရေး၊ ပညာရေး၊ သတင်းမီဒီယာနှင့် ယဉ်ကျေးမှုကဲ့သို့သော နယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဆားဘီးယားသမ္မတနိုင်ငံအစိုးရတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivica Dacic တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းသဘောတူစာချုပ်အရ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများသည် ရက် (၉၀)ထက်မကျော်လွန်သည့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာရေးကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal ဟိုတယ်တွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**



# Invest Myanmar Summit 2019 ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ပူးပေါင်းဆောင်ရွက်သည့် Invest Myanmar Summit 2019 ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဒုတိယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာလုပ်ဆောင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ၊ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့သည့်အတွက် ရရှိလာသည့် အကျိုးရလဒ်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ အပါအဝင် ဥပဒေနှင့် နည်းဥပဒေများ ပြုပြင်ခဲ့မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ပိုင်ခွင့်များ ခွဲဝေပေးခဲ့မှု၊ စံပြုလုပ်ထုံးလုပ်နည်းများအားရေးဆွဲနေမှု၊ လုပ်ငန်းများမှတ်ပုံတင်ခြင်း အပါအဝင် ဆက်စပ်လုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်နေမှုနှင့် One Stop Service လုပ်ငန်းများ ပိုမိုကောင်းမွန်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။




ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆက်အောင်နှင့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဦးမင်းရဲပိုင်ဟိန်းတို့က အနာဂတ်စီးပွားရေးကဏ္ဍအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP)၏ အခန်းကဏ္ဍ၊ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းဘဏ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် MSDP တို့အားထောက်ပံ့ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် New Yangon Development Company Limited မှ Vice Chairman & CEO ဖြစ်သူ ဦးသိန်းဝေ၊ International Finance Corporation မှ Country Manager ဖြစ်သူ Mr. Vikram Kumar, CITIC Group (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ Mr. Yuan Shoobin နှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးတို့က **ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေး** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးနှင့် New Yangon Development Company Limited မှ Vice Chairman & CEO ဖြစ်သူ ဦးသိန်းဝေတို့က Invest Myanmar Summit 2019 အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **မော်ဇော်၊ ဓာတ်ပုံ-ချောချော**

## အာမခံဈေးကွက်အတွင်းသို့ ဂျပန်ကုမ္ပဏီ စတင်ဝင်ရောက်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပြည်တွင်းအာမခံ ကုမ္ပဏီများနှင့် ပူးတွဲ၍ joint-venture (JV)များ လုပ်ကိုင်ခွင့်များပြုထားပြီးဖြစ်ရာ ဂျပန်နိုင်ငံမှ နိုင်ငံတကာ အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် Tokyo Marine Group ၏ ထိုင်းနိုင်ငံအခြေစိုက် Tokyo Marine Insurance (Thailand) Public Co., Ltd. နှင့် ပြည်တွင်းကုမ္ပဏီဖြစ်သော Grand Guardian Insurance Public Co., Ltd. တို့မှ သက်ဆိုင်ရာ အရာရှိများသည် Marine Cargo Reinsurance Agreement အား ရန်ကုန်မြို့ရှိ Pan Pacific Hotel တွင် ယနေ့ညနေပိုင်းက လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုကဲ့သို့ နိုင်ငံတကာအာမခံကုမ္ပဏီတစ်ခု မြန်မာနိုင်ငံ ဈေးကွက်အတွင်း ဝင်ရောက်လာခြင်းဖြင့် မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းများနှင့်အတူ အာမခံဆိုင်ရာပညာရပ်များလည်း တိုးတက်လာနိုင်သည့်အပြင် နိုင်ငံခြားဝင်ငွေလည်းရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်သန်း**

# လန်ချန်း-မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များ ရိုးရာပန်းချီရေးဆွဲခြင်းနှင့် လက်မှုပညာအရုပ်များဖန်တီးပြုလုပ်ခြင်းများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးမြို့တွင် ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသည့် လန်ချန်း-မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲသို့ ရောက်ရှိနေကြသည့် ဒေသတွင်း အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များသည် ယနေ့တွင် ရိုးရာပန်းချီရေးဆွဲခြင်း၊ လက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သွားရောက်လေ့လာ**

အဆိုပါ အနုပညာရှင်လူငယ်များအဖွဲ့သည် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ရိုးရာပန်းချီရေးဆွဲခြင်း၊ လက်မှုပညာအရုပ်များ ဖန်တီးပြုလုပ်ခြင်းနှင့် စုပေါင်းသီချင်း ရေးသားစပ်ဆိုကာ အကလေ့ကျင့်ခြင်းများဆောင်ရွက်ခဲ့ကြပြီး ပိတ်ချင်းမြောင်ရေတံခွန်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် လူငယ်အနုပညာရှင်များအဖွဲ့သည် မန္တလေးမြို့ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်လေ့လာရာ တက္ကသိုလ်နှင့် ပတ်သက်၍ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်အနုပညာရှင်များအဖွဲ့သည် အနုပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကာ အမှတ်တရ သစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အစီအစဉ်တွင် ပန်းချီရေးဆွဲခြင်းနှင့် ရိုးရာလက်မှုပညာရပ်ဖြင့် အရုပ်များ ဖန်တီးပြုလုပ်မှုကဏ္ဍတွင် ပါဝင်သည့် တရုတ်နိုင်ငံမှ လူငယ်အနုပညာရှင်တစ်ဦးက "ဒီတွေ့ဆုံပွဲကို တရုတ်နိုင်ငံကိုယ်စားပြု တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီနေ့အစီအစဉ်မှာ ကျွန်မတို့အဖွဲ့က ပန်းချီရေးဆွဲခြင်းနဲ့ ရိုးရာအရုပ်တွေ ဖန်တီးပြုလုပ်ခဲ့ပါတယ်။ ပြင်ဦးလွင်ကို လာတဲ့လမ်းတစ်လျှောက်မှာ မြင်ကွင်းတွေက သာယာလှပတဲ့အတွက် ပျော်ရွှင်မိပါတယ်" ဟု ပြောသည်။



**ပျော်ရွှင်စွာဆောင်ရွက်**

ညပိုင်းတွင် လန်ချန်း-မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်လူငယ်များသည် မန္တလေးမြို့ရှိ ကန်တော်ကြီးဥယျာဉ်တွင် မီးပုံးပျံလွှတ်တင်ခြင်းနှင့် ရိုးရာကစားနည်း အစီအစဉ်များကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပဲခူးမြို့တွင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၂၉**

ပဲခူးမြို့ ပဲခူးတက္ကသိုလ်၌ ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယနေ့ နံနက် ၁၁ နာရီခွဲက ကျင်းပသည်။

**အားကျအတုယူစေရန်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော်များအား တက္ကသိုလ်များ၊ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပရခြင်းမှာ ကလေးသူငယ်များအနေဖြင့် တက္ကသိုလ် ပရဝဏ်နှင့် ထိတွေ့မှုရရှိပြီး အားကျအတုယူစေရန်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကလေးစာပေပွဲတော်များကို အောင်မြင်စွာကျင်းပနိုင်ခြင်းမှာ မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအပြင် ရပ်မိရပ်ဖများ၊ စေတနာရှင်၊ အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ရာ အလားတူ ဆက်လက်၍လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ယခုကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကျောင်းသား ကျောင်းသူဟောင်းများ၊ ရပ်မိရပ်ဖများ ပါဝင်စေရန် ဖိတ်ကြားဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြခန်းများခင်းကျင်းပြသရာတွင်လည်း ဌာနဆိုင်ရာပြခန်းများနှင့် တက္ကသိုလ်ဆိုင်ရာပြခန်းများအပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ပူးပေါင်းပါဝင်အောင် ဖိတ်ကြားဆက်သွယ်ဆောင်ရွက်သွားစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကလေးစာပေပွဲတော် (ပဲခူး) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



**ဆွေးနွေးတင်ပြ**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ကလေးစာပေပွဲတော်(ပဲခူး) ကျင်းပရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကလေးစာပေပွဲတော်ကျင်းပမည့် အစီအမံများကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ကလေးစာပေပွဲတော် အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်စေရေး လုပ်ငန်းစီမံချက် ရေးဆွဲထားမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများ က ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ကလေးစာပေပွဲတော်ကျင်းပမည့် ပဲခူးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုကြသည်။

ကလေးစာပေပွဲတော် (ပဲခူး) ကို ပဲခူးတက္ကသိုလ်၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

# ပေါက်ခေါင်းမြို့ တောင်နဝင်းဆည်တမံမျက်နှာပြင် အက်ကြောင်းဖြစ်နေမှုကြောင့် တာဝန်ရှိသူများ ဖြေရှင်းဆောင်ရွက်ပေး

**ပေါက်ခေါင်း ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း အင်အားအသင့်အတင့်ရှိ ငလျင်လေးကြိမ် လှုပ်ခတ်ခဲ့ရာ တောင်နဝင်းဆည်ရေလှောင်တမံမျက်နှာပြင်၌ အက်ကြောင်းအနက် သုံးပေခန့် ကွဲအက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် တောင်နဝင်းဆည်ရေလမ်းကြောင်းအောက်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများက စိုးရိမ်ပူပန်မှုများရှိခဲ့မှုကြောင့် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေနှင့် ပြည်ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် တာဝန်ရှိသူများသည် ရပ်သစ်ကျေးရွာ၊ စိုင်ဂေါင်းကျေးရွာ၊ ဝက်တိုးကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများနှင့်တွေ့ဆုံ၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေသည်ကို နားလည်ပါကြောင်း၊ ဆည်မြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ လတ်တလော အခြေအနေအရ ထိခိုက်နိုင်ဖွယ်မရှိနိုင်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်မှသာ အခြေအနေတစ်မျိုးမျိုး ဖြစ်ပေါ်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။



ငလျင် လှုပ်ခတ်မှုများ၏ သက်ရောက်မှုကြောင့် တမံအောက်ခြေအုတ်မြစ် ကျောက်သားတွင်လှုပ်ရှားမှုဖြစ်ပေါ်ပြီး တမံမျက်နှာပြင်၌ အက်ကြောင်းဖြစ်ပေါ်ရခြင်းဖြစ်နိုင်ကြောင်း၊ ဌာနမှ တာဝန်ရှိသူများကလည်း ၂၄ နာရီအချိန်ပြည့် စောင့်ကြည့်တိုင်းတာစစ်ဆေးလျက်ရှိပြီး တမံကိုယ်ထည်နှင့် အောက်ခံအုတ်မြစ် အခြေအနေများကို ဘူမိဗေဒဆိုင်ရာစူးစမ်းတိုင်းတာခြင်း၊ နည်းပညာများအသုံးပြု၍ တိုင်းတာခြင်းများကိုလည်း ဇန်နဝါရီ ၂၉ ရက်မှ စတင်ဆောင်ရွက်နေပြီး စူးစမ်းတိုင်းတာမှုများအရ တွေ့ရှိမှုများကို အခြေခံ၍ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**သန်းထွန်းအောင်(ပေါက်ခေါင်း)**

**❐ ကျောဖုံးမှ**

ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းစဉ်လာတွေနဲ့ ရပ်တည်နေတယ်ဆိုတာကို ပြသခွင့်ရတဲ့အတွက် အင်မတန်မှဂုဏ်ယူပါတယ်'' ဟု 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းတာဝန်ရှိသူ အိုက်ဥက ပြောသည်။

ကျွန်မတို့အဖွဲ့က သံတောင်ကပါ။ ကျွန်မတို့က အော်ဂဲနစ်ကော်ဖီစစ်စစ်နဲ့ လက်ဖက်စို၊ လက်ဖက်ခြောက်၊ စပျစ်ဝိုင်အော်ဂဲနစ်စစ်စစ်တွေ၊ သံတောင်ကြီးကော်ဖီတွေထုတ်ပါတယ်။ ဖာလာ၊ ကွမ်းသီးလည်းထွက်ပါတယ်။ ကျွန်မတို့ ငယ်ငယ်လေးလောက်ကပဲ သွေးချင်းတွေတွေ့ဖူးတာပါ။ ရိုးရာစားသောက်ကုန်တွေ ဖော်ထုတ်ခွင့်ရလို့ ပျော်ပါတယ်။ ကရင်ပြည်နယ် တောင်ပေါ်မြို့ကနေလာပြီး ရောင်းချခွင့်ရတာ ဝမ်းသာပါတယ်။ ဒီလိုပွဲတွေ နှစ်စဉ်လည်း ကျင်းပပေးစေချင်ပါတယ်။ အခုအချိန်မှာဆိုရင် Community Base Tourism ကို သွားတဲ့အခါကျတော့ ပြည်သူတွေလည်း ဒီအကျိုးအမြတ်ကို ခံစားရတယ်။ လာတဲ့ဧည့်သည်တွေလည်း ပျော်ရွှင်ကြပါတယ်။ ကျွန်မတို့လည်း ထုတ်ကုန်တွေရောင်းချရတဲ့အတွက် ဝမ်းသာပါတယ်။ သံတောင်ကြီးဒေသက ကရင်ပြည်နယ်ရဲ့မြောက်ဘက်မှာရှိတယ်။ လာရောက်လည်ပတ်မယ်ဆိုရင် ရေတံခွန်တွေ၊ ကော်ဖီခြံတွေရှိတယ်။ တောင်ပေါ်ခရီးလမ်းလျှောက်လို့ရတယ်။ အခုပွဲကနေ တခြားတိုင်းရင်းသားတွေရဲ့ထုတ်ကုန်တွေကိုလည်း ပိုသိရတယ်။ ကျွန်မတို့တောင်ပေါ်ဒေသမှာဆို ငါးပိ၊ ငါးခြောက်မရှိတော့ တခြားဒေသ တိုင်းရင်းသားတွေဆီကနေ ချိတ်ဆက်ဝယ်ယူပြီး ပြန်ပြီးဖြန့်ချိနိုင်ပါတယ်။ သံတောင်ကော်ဖီကို ထိုင်းနိုင်ငံ ချင်းမိုင်ကတစ်ဆင့် အမေရိကအထိ ပြည်ပတွေကိုလည်း တင်ပို့နေပါပြီ'' ဟု မမာမာချို (သံတောင်ကြီးအမျိုးသမီးအဖွဲ့) က ပြောသည်။

အဆိုပါပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် 'ဝ'၊ ကိုးကန့်၊ တအာင်း(ပလောင်)၊ ပအိုဝ်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလေးခုအပါအဝင် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှု၊ ဒေသထွက်ကုန်များ၊ ရိုးရာအဝတ်အထည်များကို ပြသရောင်းချလျက်ရှိသည်။

**သတင်း - သန့်ဇင်ဝင်း**

**ဓာတ်ပုံ-လှမိုး**

**ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့တွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၉ ရက်က ကျန်းမာရေးဦးစီးဌာနနှင့် Save the Children အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြရာ ဆေးမှူး ဦးရာဇာဝင်းနှင့်အဖွဲ့ အထက၊ အမကများ၊ ဌာနဆိုင်ရာရုံးများနှင့် လူနေအိမ်များရှိ ပြည်သူများအား လိုက်လံတိုက်ကျွေးကြစဉ်။**

စောငွေးရီ



**နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညို ကျေးရွာ၌ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက တောင်ညိုရဲစခန်းမှ ဒုတိယရဲအုပ် ပြည့်ဖြိုးကျော်နှင့်အဖွဲ့တို့က လူသတ်မှု၊ မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် ကျေးရွာသူ ကျေးရွာသားများအား အသိပညာပေး ဟောပြောစဉ်။**

ခွန်းနော်



# စာကြည့်တိုက်တစ်ခုတည်ရှိခြင်းရဲ့ အဓိကရည်ရွယ်ချက်က ကလေးတွေ စာဖတ်ခြင်းအလေ့အထ တိုးတက်လာအောင်နဲ့ စာဖတ်စွမ်းရည်မြင့်လာအောင် ဖြစ်ပါတယ်

ဒေါ်မြတ်စမ်းငြိမ်း

## စာကြည့်တိုက် အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း

**စာကြည့်တိုက်အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း အပိုင်း(၁)နှင့်(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးကြီး ဒေါ်ယုယုတင်၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြတ်စမ်းငြိမ်း၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

**သတင်းအဖွဲ့**

**အစီအစဉ်မှူး။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းတွေမှာရှိတဲ့ ကျောင်းစာကြည့်တိုက်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး တာဝန်ယူဆောင်ရွက်နေတဲ့အခြေအနေတွေကို သိပါရစေ။**

**ဒေါ်သစ်သစ်ခိုင်။** ။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျွန်မတို့ အခြေခံပညာဦးစီးဌာနရဲ့ အခြေခံကျောင်းပေါင်း ၄၇၀၀၅ ကျောင်း ရှိပါတယ်။ အဲဒီကျောင်းတွေမှာ ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ပေးထားတဲ့ ကျောင်းပေါင်း ၂၆၂၁၂ ကျောင်း ရှိပါတယ်။ နေရာအခက်အခဲကြောင့် ကျွန်မတို့ မဖွင့်လှစ်နိုင်သေးတဲ့ ကျောင်းတွေမှာဆိုရင် ကလေးတွေ ဖတ်ရှုလေ့လာသင့်တဲ့ စာအုပ်တွေကို စာအုပ်ဗီရိုတွေ၊ စာအုပ်သေတ္တာတွေနဲ့ စနစ်တကျထားရှိနိုင်ဖို့အတွက် ပံ့ပိုးဆောင်ရွက်သွားဖို့ အတွက်လည်း စီစဉ်လျက်ရှိပါတယ်။ ကျောင်းစာကြည့်တိုက်ဖွင့်လှစ်ပြီးကျောင်းတွေမှာလည်း ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးမှုလုပ်ငန်းတွေနဲ့ပတ်သက်လို့ ကျွန်မတို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းရဲ့ Asia Foundation က ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းပြီးတော့ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးမှုလုပ်ငန်းကို လုပ်ကိုင်လာတာဆိုရင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းပေါင်း ၂၀ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာဆိုရင် ပညာရေးဝန်ကြီးဌာနက မိတ်ဖက်စာကြည့်တိုက် အသင်းအဖွဲ့တွေနဲ့ပူးပေါင်းပြီး စာကြည့်တိုက်ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် ကျောင်းပေါင်း ၇၁ ကျောင်း လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကျောင်းစာကြည့်တိုက် သက်ဝင်လှုပ်ရှားမှုအတွက်ဆိုရင် ဒီစာကြည့်တိုက်လုပ်ငန်းတွေနဲ့ပတ်သက်လို့ ပညာရေးဝန်ကြီးဌာနဟာ မိတ်ဖက်စာကြည့်တိုက်အသင်းအဖွဲ့တွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ့အနေနဲ့ မြန်မာစာပေပံ့ပိုးကူညီမှုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့ MBAPF ကနေ ဆောင်ရွက်နေတဲ့ စာကြည့်တိုက်စီမံချက်တွေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေတွေကို ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာသန့်သော်ကောင်း။** ။ကျွန်တော်တို့ဖောင်ဒေးရှင်းက ၂၀၀၈ ခုနှစ်ကနေ စပြီးလုပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်လောက်မှာ ကျွန်တော်တို့ စီမံကိန်းတစ်ခုဖြစ်တဲ့ Beyond Access ဆိုတဲ့ စာကြည့်တိုက်စီမံကိန်းတစ်ခုကို လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီစီမံကိန်းကတော့ ရပ်ရွာတွေမှာရှိတဲ့ ပြည်သူ့စာကြည့်တိုက်တွေကို ပံ့ပိုးဖို့လုပ်တာဖြစ်ပါတယ်။ ၂၀၁၃၊ ၂၀၁၄ ခုနှစ်လောက်မှာ ကျွန်တော်တို့ Mobile Library ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှာ ကျွန်တော်လုပ်တယ်။ Mobile Library ကလည်း မြို့ပေါင်း ၁၄ မြို့ကို ရောက်သွားပါပြီ။ ပြည်သူ့စာကြည့်တိုက်မှာပဲကြည့်ကြည့်၊ Mobile Library မှာပဲကြည့်ကြည့် ကျွန်တော်တို့ရဲ့ အဓိက Library ကိုအသုံးပြုတဲ့သူကို ကြည့်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေဟာ ၇၀ ရာခိုင်နှုန်း ဖြစ်နေတာကိုတွေ့ရပါတယ်။ အဲဒီအချိန်ကတည်းက ကျွန်တော်တို့ ဘာလုပ်ချင်လဲဆိုရင် ကျောင်းစာကြည့်တိုက်တွေကို ပြန်လည်အသက်ဝင်အောင် လုပ်ချင်တဲ့ဆန္ဒရှိပါတယ်။

### ဖွင့်လှစ်နိုင်ခဲ့

ကျွန်တော်တို့ လေ့လာလိုက်တဲ့အခါမှာ နိုင်ငံတကာမှာကျောင်းစာကြည့်တိုက်တွေကို အတိအကျ လုပ်ပေးနေတဲ့ အဖွဲ့တစ်ခုရှိပါတယ်။ နိုင်ငံတကာအဖွဲ့ထဲမှာ Road to Read ဆိုတာရှိပါတယ်။ ဒါက အမေရိကန်အခြေစိုက်ပါ။ ဒါပေမယ့် ကမ္ဘာပေါ်က နိုင်ငံပေါင်း ၁၄ နိုင်ငံလောက်မှာ သူတို့လုပ်နေတာရှိပါတယ်။ ကျွန်တော်တို့ Southeast Asia မှာလည်းအများကြီးပါပဲ။ အဲဒီမှာ ကျောင်းပေါင်း ၂၀၀၀၀ ကျော်လောက် လုပ်ထားပြီးသားရှိပါတယ်။ ကျောင်းစာကြည့်တိုက် Rule တွေ အများကြီး Training ပေးထားပြီးသားတွေရှိတယ်။ ကျွန်တော်တို့က ဒီအဖွဲ့တွေနဲ့ ချိတ်ဆက်တယ်။ ကျွန်တော်တို့ကြိုးစားတာ လေးနှစ်လောက်ရှိပါပြီ။ သူတို့ မြန်မာပြည်ကို ဘာလို့မလာသေးတာလဲဆိုတော့ ဒီအဖွဲ့က ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့မှာ အကုန်လုံးပံ့ပိုးပေးနေတာတွေရှိတယ်။ နောက်ဆုံးတော့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ သူတို့ မြန်မာပြည်ကို လာလို့ရပြီလို့ အကြောင်းပြန်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က "စာဖတ်ကြစို့" စီမံကိန်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

### စာဖတ်ခြင်းအလေ့အထ

ကျွန်တော်တို့ ဘာလုပ်ခဲ့လဲဆိုတော့ ဒီ "စာဖတ်ကြစို့" စီမံကိန်းအောက်မှာ အဓိက အစမ်းစာကြည့်တိုက် အလုံး ၂၀ ကို ကျွန်တော်တို့က Pilot အနေနဲ့ လုပ်ပါတယ်။ အဲဒီမှာ ဘာလုပ်ပေးလဲဆိုတော့ စာအုပ်တွေပံ့ပိုးပေးတယ်။ စာအုပ်ဆိုတဲ့နေရာမှာလည်း Level အလိုက် သတ်သတ်မှတ်မှတ် လုပ်ထားတာရှိတယ်။ ကျောင်းတွေကိုလည်း ဘယ်ကျောင်းတွေပါမလဲဆိုတာ ရွေးချယ်ရတယ်။ စာအုပ်တွေပံ့ပိုးပေးတယ်။ စာအုပ်စင်တွေ ပံ့ပိုးပေးတယ်။ ကလေးပျော် စာကြည့်တိုက်လေးတွေ ဖြစ်အောင် ကျွန်တော်တို့ ပြန်လည်မွမ်းမံပေးတာရှိတယ်။ စာကြည့်တိုက် Training တွေ အများကြီးပေးရပါတယ်။ Training ဆိုတဲ့နေရာမှာလည်း စာကြည့်တိုက်တစ်ခုကို ဘယ်လိုစီမံခန့်ခွဲရမလဲ၊ စာကြည့်တိုက် အချိန်တစ်ခုရဖို့ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ တစ်ပတ်မှာတစ်ချိန်ရရင် ကျွန်တော်တို့က စာဖတ်ခြင်းအမျိုးမျိုးကို မြှင့်တင်ပေးတဲ့ ဟာမျိုး လုပ်ပါတယ်။ အဓိကကတော့ အလေ့အကျင့်၊ စာဖတ်ခြင်း အလေ့အထကို ပြန်လည်နိုးကြားလာအောင် လုပ်တဲ့စီမံကိန်းဖြစ်ပါတယ်။ မူလကတော့ ကျောင်း ၂၀၊ အခုဆိုရင် ၇၁ ကျောင်း ကျွန်တော်တို့ ရောက်သွားပါပြီ။

**အစီအစဉ်မှူး။ ။ ဆရာမတို့ရဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကနေပြီးတော့ စာကြည့်တိုက်အသုံးပြုတာတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာတွေရဲ့ တွေ့ရှိချက်ကိုလည်း ပြောပြပေးပါဦး။**

**ဒေါ်မြတ်စမ်းငြိမ်း။** ။မြန်မာနိုင်ငံစာကြည့်တိုက်အသင်းအနေနဲ့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ၂၀၁၅ ခုနှစ်ကနေစပြီး Asia Foundation နဲ့ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ Reenergizing School Library ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေးဆိုတဲ့စီမံချက်ကို ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ ၁၀ ကျောင်းလောက် စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ အဲဒီလိုအကောင်အထည်ဖော်ရာမှာ လေးပိုင်း ရှိပါတယ်။ ပထမဆုံးအနေနဲ့ ပရိဘောဂ၊ နောက်တစ်ခုက စာကြည့်တိုက် ဝန်ထမ်းလုပ်မယ့် ဆရာဆရာမများကို Training ပေးတယ်၊ နောက်တစ်ခုက Facility ပေးတယ်၊ ကားပါကင်လုပ်တာတို့ လိုက်ကာတွေ လုပ်ပေးတယ်၊ စာကြည့်တိုက်ကို အလှဆင်ပေးတယ်၊ နောက်ဆုံးအဆင့်ကတော့ Technology အပိုင်းအနေနဲ့ Computerized Catalogue ကို ကျွန်မတို့ ဒီစာကြည့်တိုက် ၁၀ ကျောင်းမှာ လုပ်ပေးခဲ့တယ်။

### အသိပညာ ဖလှယ်နိုင်ခဲ့

ဒါ့အပြင် ဒီ Asia Foundation အကူအညီနဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကနေ ဦးဆောင်ပြီးတော့ ဇွန်လမှာ ထိုင်းနိုင်ငံ ဇန်ကောက်မှာ ကျင်းပတဲ့ ပထမအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များညီလာခံမှာ ကျွန်မတို့ကျောင်းက စာကြည့်တိုက်မှူးဆရာ ဆရာမများနဲ့အတူ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက စာကြည့်တိုက်မှူးများ တက်ရောက်ခွင့်ရခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာလည်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာ တက်ရောက်ခွင့်ရတယ်။ ဒုတိယအကြိမ် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံ၊ တတိယအကြိမ်ကိုတော့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာ လုပ်ခဲ့တာဖြစ်တယ်။ အဲဒီလိုတက်ခဲ့တဲ့အခါမှာ အခြေခံပညာကျောင်းက ဆရာ ဆရာမတွေနဲ့အတူ MLA က မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက စာကြည့်တိုက်မှူးတွေ ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းစာကြည့်တိုက်များ စီမံချက် ဆောင်ရွက်နေမှုတွေကို တင်ပြဆွေးနွေးနိုင်ခဲ့တဲ့အပြင် ကျွန်မတို့ရဲ့ အတွေ့အကြုံ အောင်မြင်မှုတွေ၊ စိန်ခေါ်မှုတွေကို တင်ပြနိုင်ပြီးတော့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်အောင် ကျွန်မတို့ ဒီနိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ International Association of School Librarianship (IASL) က စာကြည့်တိုက်ပညာရှင်များနဲ့ အသိပညာ ဖလှယ်နိုင်ခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ စာကြည့်တိုက်များ တိုးတက်အောင်မြင်မှုအတွက် နည်းလမ်းတွေကို တိုင်ပင်ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် စတုတ္ထအကြိမ် ကျောင်းစာကြည့်တိုက်များညီလာခံကို မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ် မေလမှာ Consal လို့ခေါ်တဲ့ Congress of Southeast Asian Librarian 17 ရဲ့ Libraries Pre-Conference အနေနဲ့ နေပြည်တော်မှာ ကျွန်မတို့ ကျင်းပခွင့်ရခဲ့တယ်။ အလွန်အောင်မြင်တဲ့ Conference တစ်ခုပါ။ ကျောင်းစာကြည့်တိုက်မှူးတွေ၊ အခြေခံပညာမှ ဆရာ ဆရာမတွေ ၂၀၀ ကျော် တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်မတို့ ASEAN ဒေသတွင်းအပြင် ဂျပန်တို့၊ အခြားနိုင်ငံများနဲ့အတူ ကျောင်းစာကြည့်တိုက်တွေကို ဘယ်လိုချိတ်ဆက်ပြီးတော့ နိုင်ငံတွင်း၊ ဒေသတွင်းမှာ ဘယ်လိုအောင်မြင်အောင် လုပ်ကြမလဲဆိုတဲ့ နည်းလမ်းတွေကို ကျွန်မတို့ရရှိခဲ့တာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အနေနဲ့ စာကြည့်တိုက်လုပ်ငန်းတွေ ဆောင်ရွက်နေမှုတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်ယုယုတင်။** ။ကျွန်မတို့ ဒီတက္ကသိုလ်များ ဗဟိုစာကြည့်တိုက်က မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေ၊ ဒီဂရီကောလိပ်၊ ကောလိပ်အားလုံးကို ဦးဆောင်နေတဲ့ စာကြည့်တိုက်တစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှာ စာအုပ်စာတမ်းတွေအပြင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ပေ၊ ပုရပိုက်တွေအားလုံးကိုလည်း စုဆောင်းထားရှိပါတယ်။ ဒီလိုစုဆောင်းထားရှိရာမှာ မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်ပေါင်း ၆၀၀၀၀၀ ကျော်ရှိတယ်။ ပေ၊ ပုရပိုက်တွေက ၂၁၀၀၀ ကျော်ရှိပါတယ်။ microfilm ဆို ၅၀၀၀ ကျော်ရှိမယ်။ Thesis တွေ၊ စာတမ်းရှင် Term paper အကြမ်းအားလုံးက ၂၈၀၀၀ ကျော်ရှိပါတယ်။

အဲဒီစုဆောင်းထားတဲ့ ပစ္စည်းတွေအားလုံးကို ကျောင်းသား ကျောင်းသူတွေနဲ့ ပြင်ပသုတေသနပြုလုပ်သူတွေအားလုံးကို သိရှိနိုင်ဖို့အတွက် တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှာ ဌာန ၁၀ ခု ထားပြီးတော့ ကျောင်းသားကျောင်းသူများအားလုံး အသုံးပြုနိုင်မယ့်အဆင့်အထိရောက်အောင် ပြုလုပ်ပေးထားပါတယ်။ ဌာနစိတ်တွေဆိုရင်တော့ မြန်မာစာပြုဌာနစိတ်၊ အင်္ဂလိပ်စာပြုဌာနစိတ်၊ ပေ၊ ပုရပိုက်ဌာနစိတ် ရှိပါတယ်။ ရည်ညွှန်းဌာနစိတ်၊ စာငှားဌာနစိတ်၊ e-Library section ရှိမယ်။ နောက်တစ်ခါ စာပေပစ္စည်းထိန်းသိမ်းရေးဌာနစိတ်နဲ့ စာအုပ်လဲလှယ်ရေးနှင့် လျှဒါန်းရေးဌာနစိတ်၊ microfilm ဌာနစိတ်ဆိုပြီးတော့ ဌာနတွေရှိပါတယ်။ အဲဒီဌာနတွေကနေ စာအုပ်တွေ၊ စာပေပစ္စည်းတွေ စုဆောင်းတာတွေအားလုံးကို စနစ်တကျပြုလုပ်ထားပြီးတော့ ကျောင်းသားကျောင်းသူတွေ ငှားလို့ရအောင် အဆင်သင့်ပြုလုပ်ပေးထားပါတယ်။ ငှားရမ်းတဲ့အခါမှာလည်း ကျောင်းသားကျောင်းသူတွေကို နှစ်အုပ်ကို နှစ်ပတ်ပေးငှားပါတယ်။ ဆရာ ဆရာမတွေကိုတော့ ငါးအုပ်ကို နှစ်ပတ် ပေးငှားပါတယ်။ စာအုပ်ငှားရမ်းတဲ့အခါမှာဆိုရင် ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ၊ သုတေသီတွေအားလုံးဟာ Catalogue ကိုရှာတဲ့အခါမှာ e-Catalogue လို့ခေါ်တဲ့ ကွန်ပျူတာကနေရှာတဲ့ Library Automation System ကနေ ရှာလို့ရပါတယ်။

### ဝန်ဆောင်မှုပြုလုပ်ပေး

Manual ဖြစ်တဲ့ စာကြည့်တိုက်ရဲ့ Catalogue cabinet ကနေပြီးတော့လည်း စာအုပ်တွေကို ရှာလို့ရပါတယ်။ ရှာပြီးတဲ့အခါမှာလည်း အွန်လိုင်းအနေနဲ့ ကျွန်မတို့ရဲ့ UCL Website ကနေ၊ e-Catalogue တွေကနေ ရှာလို့ရပါတယ်။ UCL Website မှာ တက္ကသိုလ်ကောလိပ် ၂၃ ခုလုံးရဲ့စာအုပ်တွေ၊ Catalogue တွေ တင်ထားတဲ့အတွက်ကြောင့် ကိုယ်ဖတ်ချင်တဲ့စာအုပ်ကို ရှာလို့ရပြီးတော့ အဲဒီစာအုပ်တွေအားလုံးကို Inter Library Loan လို့ခေါ်တဲ့ စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီးတော့ အားပေးတာမျိုးနဲ့ ငှားပေးပါတယ်။ ဒီလို စာအုပ်တွေငှားလို့ရတဲ့အပြင် အွန်လိုင်းအနေနဲ့လည်း e-resources တွေ၊ e - database တွေကို တက္ကသိုလ်များဗဟိုစာကြည့်တိုက်က ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံစာကြည့်တိုက်များ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့ထားတာ ရှိပါတယ်။ တက္ကသိုလ်၊ ကောလိပ် ကိုးခုကနေပြီးတော့ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားချက်နဲ့ ကျွန်မတို့ ဝယ်ပေးပါတယ်။ အဲဒါတွေကိုလည်း အွန်လိုင်းကနေပြီးတော့ ကြည့်လို့ရပါတယ်။ အဲဒီမှာဆိုရင် e-Journal ပေါင်း ၂၂၀၀၀ ရှိပါတယ်။ e-books ပေါင်း ၂၅၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီလိုမျိုးကြည့်ပြီးတော့ ကိုယ်လိုချင်တဲ့ Data တွေ၊ Information တွေကို Print ထုတ်တာ၊ Copy လုပ်တာ၊ Scan ဖတ်တာ Digital type လုပ်တာတွေအားလုံးကို စာကြည့်တိုက်ကနေ ဝန်ဆောင်မှုပြုလုပ်ပေးနေပါတယ်။

နောက်တစ်ခါ စာကြည့်တိုက်ကနေ စာဖတ်သူတွေ၊ အသုံးပြုသူတွေ များလာဖို့အတွက် စာကြည့်တိုက်ကို စိတ်ဝင်စားအောင် ရောက်လာတဲ့စာအုပ်တွေကိုလည်း Display လုပ်တာမျိုး၊ Orientation လုပ်ပေးတာမျိုး စီစဉ်ပေးပါတယ်။ ပြီးရင် ဒီစာကြည့်တိုက်တွေမှာ လာအသုံးပြုကြတဲ့သူတွေက အကြံပြုပြီးတော့ ဒီစာအုပ်တွေကို ဝယ်ပေးပါဆိုရင်လည်း ကျွန်မတို့က ဝယ်ပေးပါတယ်။ နောက်ပြီးတော့ သက်ဆိုင်ရာဌာနတွေနဲ့လည်း ညှိပြီးတော့ စာအုပ်တွေဖြည့်ဆည်းထားပေးပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ့အနေနဲ့ ဒီစာကြည့်တိုက်တွေကို အသုံးပြုဖို့လိုအပ်ရတဲ့ အကြောင်းရင်းလေးကို ရှင်းပြပေးပါ။**

**ဒေါက်တာသန့်သော်ကောင်း။** ။ စာကြည့်တိုက်တွေသုံးမယ်ဆိုရင် အသိပညာတွေ၊ အတတ်ပညာတွေ အများကြီး ဆည်းပူးနိုင်မယ်။ ဒါကတော့ အရေးကြီးပါတယ်။ ဒီ "စာဖတ်ကြစို့" စီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကလေးပျော်စာကြည့်တိုက်လေးတွေဖြစ်လာဖို့ ဖြစ်ပါတယ်။ ကလေးပျော်စာကြည့်တိုက်ဆိုတာက စာဖတ်ခြင်းအလေ့အထပါ။

**စာမျက်နှာ ၁၁ သို့ ❖**

# "တရုတ်မလေးကိုချစ်တယ်(ဝေါ်အိုက်နီ)" ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

"ခ"သုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ရိုက်ကူးထားသည့် "တရုတ်မလေးကိုချစ်တယ်(ဝေါ်အိုက်နီ)" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအဖြစ် ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က "တရုတ်မလေးနှစ်ယောက်ကို ချစ်မိသွားတဲ့ မြန်မာလူငယ်နှစ်ဦးရဲ့အချစ်ဟာသဇာတ်လမ်းလေးပါ။ အမြင်မတူ ကွဲပြားနေတဲ့ ဟာသတစ်ခုကို တွေ့မြင်ရမှာပါ။ ဝတ်စားဆင်ယဉ်မှု၊ အသုံးအဆောင်ပိုင်းတွေကို ပြင်ဦးလွင်မြို့ တရုတ်ဘုံကျောင်းက ဆရာ ဆရာမတွေနဲ့ တာဝန်ရှိသူတွေက အများကြီးကူညီပေးခဲ့ကြတာပါ"ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် လူမင်း၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗိုလ်၊ ခိုင်သင်းကြည်၊ ဦးမိုးဒီ၊ ဇော၊ ငှက်ပျောကြော်၊ ဝက်မ၊ ဆင်မ၊ ငြိမ်းချမ်း၊ ပွင့်၊ ဝါဝါအောင်၊ မျောက်ရှုံး၊ ကျင်ဝှက်၊ အောင်သော်၊ အောင်မော်၊ ကြာစိ၊ နေလင်း၊ ကံပွင့်၊ စည်သူ(ပလပ်ကျွတ်)နှင့် အခြားသော အနုပညာရှင်များပါဝင်ထားပြီး ပျော်ရွှင်ရယ်မောဖွယ်ရာ ရိုက်ကူးထားသည့် အချစ်ဟာသရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်က "တရုတ်မိသားစုဝင်ထဲက သမီးကြီးတစ်ယောက်အနေနဲ့ ပါဝင်ထားတာပါ။ ဟာသကားလေးပါ။ မြန်မာစကားပဲပြောရတာပါ။ တရုတ်မိသားစုပုံစံရိုက်ကူးထားတဲ့အတွက် စကားပြောတဲ့အခါမှာ တရုတ်သံ ဝဲဝဲလေးနဲ့ ပြောပေးထားရပါတယ်။ အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်။ တကယ်တမ်းက ဇာတ်ကားရိုက်ပြီးသွားတော့မှ တရုတ်သံကို ပီပီပြင်ပြင်ရခဲ့တော့တယ်"ဟု ပြောသည်။

သရုပ်ဆောင် ဝါဝါအောင်က "ဒီကားမှာ ကိုခန့်ရဲ့အစ်မနေရာကပါဝင်ထားတယ်။ နတ်ကို ကိုးကွယ်ယုံကြည်တဲ့ အပျိုကြီးတစ်ယောက်ပုံစံ သရုပ်ဆောင်ထားတာပါ။ ဟာသကားဆိုပေမယ့် ဝတ်စားဆင်ယဉ်မှုတွေကို ထူးထူးခြားခြားလေးတွေ့မြင်ရမှာပါ။ တရုတ်မလေးတွေကို ချစ်မိသွားတဲ့ မြန်မာအမျိုးသားလေးတွေအကြောင်းကို ချစ်စရာကောင်းအောင် ရိုက်ကူးထားတာပါ။ တရုတ်နှစ်သစ်ကူးအမီ ဒီဇာတ်ကားလေးကို ရုံတင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်"ဟု ပြောသည်။



ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)




သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်



သရုပ်ဆောင် ဝါဝါအောင်

နဖူးစာရွာလည် ထိုက်တဲ့သူဆယ်ဆိုသည့် ဆိုရိုးစကားအတိုင်း တစ်ဦးနှင့်တစ်ဦး ဖူးစာပါလာသည့်အခါ မည်သို့မျှ ရှောင်လွှဲ၍မရကြောင်းကို ရုပ်ရှင်ချစ်ပရိသတ်များ ဘဝအမောပြေစေရန် ဟာသနှော၍ ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**



# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ ၂၇၇ ဦးရှိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

မတ် ၃၁ ရက်တွင်ကျင်းပမည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် အဆင့်ဆင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၇၇ ဦးရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။ ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် ဥက္ကဋ္ဌက သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ယင်းကဲ့သို့ ထုတ်ပြန်ပြောကြားခြင်းဖြစ်သည်။

အဆိုပါ ကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်အား မဲဆန္ဒနယ်ခြောက်နေရာခွဲခြားသတ်မှတ်ထားပြီး ယင်းမဲဆန္ဒနယ်ခြောက်ခုမှ ကော်မတီဝင်ခြောက်ဦးအား ရွေးချယ်မည်ဖြစ်သည်။ ရွေးချယ်ခံရသည့် ကော်မတီဝင်ခြောက်ဦးထဲမှ ဒုတိယမြို့တော်ဝန်တစ်ဦးကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ရာ ကော်မတီဝင်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၇ ဦးနှင့် သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၀၂ ဦး၊ အဖွဲ့ဝင်(၁)နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ ၇၄ ဦး၊ အဖွဲ့ဝင်(၂)နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ ၇၄ ဦးရှိကြောင်း သိရသည်။

သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော ကိုယ်စားလှယ်လောင်းများအနေဖြင့် ၎င်းတို့နေထိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ရုံးခွဲများတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၈ ရက်အထိ အဆိုပြုလွှောက်လွှာများ တင်သွင်းနိုင်ကြောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာကာ မဲဆွယ်စည်းရုံးရေးကာလကို ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ မတ် ၂၉ ရက်အထိ တစ်လသတ်မှတ်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇာနည်မောင်၊ အေးမင်းသူ**

❖ စာမျက်နှာ ၁၀ မှ

ဒီအလေ့အထလေးတွေ ပြန်လည်နိုးကြားလာဖို့အတွက် သူတို့ကို ပြန်လည်နှိုးဆွပေးတဲ့သဘောပါ။ အဲဒါကို အဓိကထားပြီး လုပ်တာဖြစ်ပါတယ်။ ကလေးတွေ စာကြည့်တိုက်ကိုလာရင် ပျော်ရမယ်၊ အဲဒီ Message ကို ကျွန်တော်တို့က အဓိကပေးပါတယ်။ လာချင်စဖွယ် ဖြစ်အောင်လည်း အခန်းကို ပြင်ဆင်ထားပါတယ်။ ပုံလေးတွေ ပြထားတယ်၊ အခန်းနံရံဆေးရေးပန်းချီလေးတွေ လုပ်ပေးထားတယ်၊ တချို့နိုင်ငံခြားသားတွေကို ခေါ်ပြီး ပြရင်တောင် သူတို့နိုင်ငံတွေမှာ ဒါမျိုးမရှိဘူးဆိုတဲ့ Message ကိုရပါတယ်။

### စာဖတ်ခြင်း လေးမျိုး

အဲဒီတော့ ကလေးတွေဟာ လာချင်စဖွယ် စာကြည့်တိုက်ကို လာမယ်။ စာဖတ်ခြင်း အလေ့အထတွေကို ပြန်ရအောင်လုပ်မယ်။ ကျွန်တော်တို့ အဓိက Target ထားတာကတော့ မူလတန်းအရွယ်လေးတွေပါ။ ဒီအရွယ်လေးတွေဆိုရင် တစ်တန်းကနေပြီးတော့ ခြောက်တန်းအထိပါ။ ဒီအရွယ်လေးတွေကို ကျွန်တော်တို့က Habit လုပ်ရတာ လွယ်တယ်။ အခန်းလေးကလည်း လာချင်စဖွယ် ဖြစ်လာပြီ၊ အဲဒီအချိန်မှာ ကျွန်တော်တို့က Training တွေထဲမှာ ဘာလုပ်ထားလဲဆိုတော့ စာဖတ်ခြင်း လေးမျိုးကို သင်ပေးထားတာရှိပါတယ်။ စာကြည့်တိုက်ကို တစ်ပတ်တစ်ကြိမ် သွားရမယ်ဆိုတာ Curriculum မှာလည်း ပါလာပြီဆိုတော့ အတန်းပိုင်ဆရာမကနေ ကလေးတွေကို ခေါ်လာမယ်၊ တစ်တန်း၊ နှစ်တန်း အရွယ်လေးတွေကို ဆရာမက ရှေ့ကနေဖတ်ပြရမယ်၊ Reading Aloud အသံထွက်ဖတ်နည်းလို့ခေါ်တယ်။ ကလေးတွေက နားထောင်ရတယ်၊ နှစ်တန်းလောက်ဆိုရင် စပြီး ဖတ်လို့ရပါပြီ။ အတူတကွ စာဖတ်ခြင်း Share Reading လို့ခေါ်တယ်။ ဆရာမကလည်း စာအုပ်တစ်အုပ်ကိုင်ထားမယ်၊ ကလေးတွေကလည်း ကိုင်ထားမယ်ဆိုရင် အားလုံးဟာ စာအုပ်တစ်အုပ်တည်းကိုပဲ အတူတူဖတ်ကြတာပေါ့။

နောက်တစ်ခုက သုံးတန်း၊ လေးတန်းလောက်ဆိုရင် ကျွန်တော်တို့က Pair Reading နှစ်ယောက်တွဲ၊ နှစ်ယောက်တွဲလေးတွေ ဖတ်တယ်။ နောက်ထပ် နည်းနည်းကြီးသွားပြီဆိုရင်တော့ တစ်ဦးချင်းဖတ်တာပေါ့။ Independent Reading လို့ခေါ်ပါတယ်။ ဘာကို Message ပေးချင်တာလဲဆိုတော့ အတူတကွ စာဖတ်ခြင်းမှာ မွေ့လျော်သွားစေတဲ့ အဓိကရည်ရွယ်ချက်ပါ။ စာဖတ်ခြင်းကို မွေ့လျော်သွားဖို့ အငယ်လေးတွေမှ လုပ်လို့ရပါတယ်။ ဒါမှ သူတို့လေးတွေ အလေ့အကျင့်ဖြစ်လာမယ်၊ ဒီလို အလေ့အကျင့်ဖြစ်လာပြီဆိုရင် နောက်ပိုင်းမှာ ဆရာဆရာမတွေ မတိုက်တွန်းရဘဲ သူတို့ဘာသာ စာကြည့်တိုက်ကိုလာချင်တဲ့ ဆန္ဒဖြစ်လာမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အဓိက ရည်ရွယ်ချက် ဖြစ်ပါတယ်။ အဲဒီတော့ စာဖတ်ခြင်းအလေ့အထ၊ စာကြည့်တိုက်သွားတဲ့ ယဉ်ကျေးမှုတွေကို ပြန်လည်ထွန်းကားစေချင်တဲ့အတွက် အထူးသဖြင့် ကျောင်းစာကြည့်တိုက်တွေကို ပြန်လည်ထွန်းကားအောင် လုပ်ရခြင်း ရည်ရွယ်ချက် ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ဒီစာကြည့်တိုက်တွေ အသုံးပြုလာတာနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်သင့်တာလေးတွေကိုလည်း ဆရာမက ဆက်ပြီးပြောပြပေးပါဦး။

**ဒေါ်မြတ်စမ်းငြိမ်း။** ။စာကြည့်တိုက် အသုံးပြုတာနဲ့ ပတ်သက်ပြီး ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးစီမံချက်အပြင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနဲ့ ၂၀၁၇ ခုနှစ်မှာ ကျောင်း ၁၀ ကျောင်းမှာ ကျွန်မတို့ ပညာရေးဝန်ကြီးဌာနရဲ့အကူအညီနဲ့ အကောင်အထည်ဖော်ခဲ့ပါတယ်။ စာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေးဆိုပြီး သိသာတဲ့ Impact ကို ရရှိပါတယ်။ တချို့ကျောင်းတွေမှာဆိုရင် ၂၀၁၅ ခုနှစ်လောက်က စာဖတ်သူဦးရေ တစ်နှစ်ကို ၆၀၀ ပဲရှိပါတယ်။ ၂၀၁၆ မှာဆိုရင် ၆၀၀၀၊ ၂၀၁၇ ခုနှစ်မှာ ၇၀၀၀ အထိ တိုးတက်လာတာ တွေ့ရပါတယ်။ တခြား Data တွေလည်း (၁၀၀ ရာခိုင်နှုန်း) လောက်ကို တိုးတက်လာတာတွေ့ရပါတယ်။ ဒါဟာ Usage System distinct အမြဲကောက်နေကြတာ ဖြစ်ပါတယ်။

### စာဖတ်စွမ်းရည်မြင့်

အဓိကက ကျောင်းမနေမီ အရွယ်ကလေးတွေကနေ စာဖတ်ခြင်းအလေ့အထကို မိဘတွေက အိမ်မှာပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို အလေ့အကျင့် ရှိသွားပြီဆိုရင် ကျောင်းစတက်တဲ့အချိန်မှာ ကလေးတွေဟာ သိပ်ပြီးတိုက်တွန်းစရာမလိုဘဲနဲ့ စာဖတ်စွမ်းရည်မြင့်လာမယ့် အခြေခံကောင်းတွေရလာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကလေးတွေဟာ စာဖတ်ရတာ ပျော်လာမယ်။ အဲဒီအတွက်ကြောင့် ကျွန်မတို့ တကယ့်ကို အားကောင်းတဲ့ အစီအမံတွေကို ဒီ Let's Read Project နဲ့ ဆရာဒေါက်တာသန့်သော်ကောင်းတို့နဲ့ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကလည်း တစ်တပ်တစ်အားဝိုင်းဝန်းပူးပေါင်းပေးတာ ဖြစ်ပါတယ်။ ကလေးတွေအတွက် မှန်ကန်တဲ့၊ အဆိပ်အတောက်ကင်းတဲ့ စာပေများကို ကျွန်မတို့ စာကြည့်တိုက်မှူးများကိုယ်တိုင် ရွေးချယ်ပြီးတော့ ဝယ်ပေးထားတာ ဖြစ်ပါတယ်။ မိဘများ၊ ဆရာ ဆရာမများကိုလည်း ကျွန်မတို့က ဘယ်လိုရွေးချယ်ပြီး ဝယ်ပေးရမလဲဆိုတာပါ သင်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဆရာဆရာမတွေကလည်း ဘယ်လိုစာအုပ်မျိုး ရွေးချယ်သင့်သလဲ၊ ဘယ်လိုစာအုပ်မျိုးကတော့ ဘယ်အတန်း၊ ဘယ် Grade Level လဲဆိုတာကို တစ်ခါတည်း သင်ပေးသွားတာ ဖြစ်ပါတယ်။

### ကျောင်းတိုင်း ပျိုးထောင်ပေးဖို့လို

စာကြည့်တိုက်တစ်ခုတည်ရှိခြင်းရဲ့ အဓိကရည်ရွယ်ချက်က ကလေးတွေ စာဖတ်ခြင်းအလေ့အထ တိုးတက်လာအောင်နဲ့ စာဖတ်စွမ်းရည် မြင့်လာအောင် ဖြစ်ပါတယ်။ ကျွန်မတို့ ဒီ project တွေ လုပ်တဲ့အခါမှာ ဘာလေ့လာရလဲဆိုတော့ စာဖတ်စွမ်းရည်ကို စာသင်ခန်းထဲမှာ သင်လို့ရတယ်။ စာဖတ်အလေ့အထကို စာကြည့်တိုက်မှာပဲ လုပ်လို့ရတယ်။ ဒါကို သိလာရတာဖြစ်ပါတယ်။ နောက်တစ်ခါ ကလေးတွေဟာ ဝေါဟာရကြွယ်လာတယ်။ ဝေါဟာရကြွယ်လာပြီ၊ ပြောတတ်လာပြီဆိုရင် သူတို့က လူကြားထဲမှာဖြစ်ဖြစ်၊ ကျောင်း Assembly ရှေ့မှာပဲ ဖြစ်ဖြစ် စကားပြောတဲ့အခါမှာ မိမိကိုယ်ကို ယုံကြည်မှုရှိလာမယ်။ မနေ့က အင်းစိန်မြို့နယ် ကျောင်းစာကြည့်တိုက်သွားတဲ့အခါ ကျောင်းအုပ်ကြီးက သူတို့ Assembly တိုင်းမှာ ကလေးတွေကို စာအုပ်တစ်အုပ်ဖတ်ပြီးတော့ အဲဒီစာအုပ်ကို ကလေးတစ်ယောက်စီကို ဘာစာအုပ်လဲဆိုတာ Book Review အနေနဲ့ ကလေးအားလုံးရှေ့၊ တစ်ကျောင်းလုံးရဲ့ရှေ့မှာ ပြန်ပြောပြတဲ့အလေ့အထကို လုပ်ပေးနေတာ တွေ့ရတယ်။ ဒါ အလွန်ကောင်းတဲ့ အလေ့အကျင့်လေးတစ်ခုပါ။ ဆက်ပြီးတော့ ကျောင်းတိုင်း ပျိုးထောင်ပေးဖို့ လိုပါတယ်။

### စာကြည့်တိုက်ကို ပြင်ဆင်

အဓိကကတော့ ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေ ပျော်ရွှင်ချမ်းမြေ့တဲ့ အတွေ့အကြုံခံစားရအောင် ကျွန်မတို့က ဒီစာကြည့်တိုက်လေးကို ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ ဒါဟာ ပထမဆုံးလုပ်ရမယ့်အဆင့်ပါ။ နောက်တစ်ဆင့်ကတော့ ကျောင်းသား ကျောင်းသူတစ်ဦးစီအတွက် စာကြည့်တိုက်ကို လာတဲ့အချိန်မှာ ထူးခြားတဲ့ ပျော်ရွှင်မှုကို သူတို့ခံစားသွားရမှာဖြစ်ပါတယ်။ သူတို့ပျော်ရွှင်ပြီဆိုရင် ထပ်ကာ ထပ်ကာ လာချင်မယ်၊ ထပ်ကာ ထပ်ကာ စာဖတ်ချင်မယ်။ အဲဒီလိုဖတ်တဲ့အခါမှာ အိမ်မှာရော ကျောင်းမှာပါ ဖတ်နေဖို့လိုပါတယ်။ အိမ်မှာ အရေးအကြီးဆုံးကတော့ မိဘများပါပဲ။ မိဘတွေက သူတို့စာဖတ်နေတဲ့အချိန်မှာ အဟန့်အတားဖြစ်စေမယ့် မှားနေတယ်ဆိုတဲ့ ထောက်ပြမှုမျိုး မလုပ်ဘဲနဲ့ ကျောင်းမှာလည်း ဆရာ ဆရာမတွေက သူတို့ ဖတ်နိုင်တဲ့အချိန်မှာ အဟန့်အတားဖြစ်စေတဲ့ စကားလုံးမျိုး၊ ဆူပူတဲ့ စကားလုံးမျိုးမပြောဘဲနဲ့ စာဖတ်ခြင်းကို အနှောင့်အယှက်မဖြစ်စေဘဲ ဆက်လက်ပြီးတော့ စာဖတ်ပျော်လာအောင်လုပ်ပေးဖို့လိုပါတယ်။ ဒါဆိုရင် ဒီကျောင်းစာကြည့်တိုက်ဆိုတာက တကယ့်ကို သူတို့အတွက်က အတွေ့အကြုံကောင်းတွေ၊ ဗဟုသုတတွေ၊ ပျော်ရွှင်မှုတွေ ရရှိမယ့် တကယ့်နေရာတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမေရိကန်နှင့်ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးရန် တရုတ်ထိပ်တန်း စေ့စပ်ဆွေးနွေးသူ ဝါရှင်တန်သို့ ရောက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ ထိပ်တန်း စေ့စပ်ဆွေးနွေးသူဖြစ်သည့် ဒုတိယဝန်ကြီးချုပ် လျူဟေး သည် အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်နှင့် တွေ့ဆုံဆွေးနွေးရန် ဝါရှင်တန်မြို့သို့ ဇန်နဝါရီ ၂၈ ရက်တွင် ရောက်ရှိလာကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နှစ်နိုင်ငံတို့မှ အဆင့်မြင့်ပုဂ္ဂိုလ်အဆင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ရန် ပြင်ဆင်လျက်ရှိနေစဉ်တွင် တရုတ်ထိပ်တန်း စေ့စပ်ဆွေးနွေးသူ ဝါရှင်တန်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း တရုတ်အစိုးရသတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ကြီးမားသော ကိုယ်စားလှယ်အဖွဲ့ကို တရုတ်ဒုတိယဝန်ကြီးချုပ်နှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဦးဆောင်လာခဲ့ခြင်းဖြစ်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဒုတိယဝန်ကြီးချုပ် လျူဟေးတို့ လွန်ခဲ့သောနှစ်က တွေ့ဆုံစဉ်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများကို ယာယီရပ်စဲထားကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်များအပေါ် အမေရိကန်ဒေါ်လာ ဘီလီယံရာပေါင်းများစွာ အခွန်တိုးမြှင့်ကောက်ခံသည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တရုတ်နှင့်အမေရိကန် တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် ဖွင့်လှစ်မည်ဟု ရက်သတ်မှတ်ထားပြီး နှစ်ရက်ကြာကျင်းပမည့် ယင်းဆွေးနွေးမှုများအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မနီလာပင်လယ်အော် သန့်ရှင်းရေး လူ ၁၀၀၀၀ ကျော် စုပေါင်းဆောင်ရွက်

**မနီလာ ဇန်နဝါရီ ၂၉**

မနီလာပင်လယ်အော်၏ ရေထုညစ်ညမ်းမှုနှင့် တရားမဝင်အမှိုက်စွန့်ပစ်ခြင်း ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ဖိလစ်ပိုင်အစိုးရက ယင်းပင်လယ်အော် သန့်ရှင်းရေးလှုပ်ရှားမှုကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်လုပ်ဆောင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အဆိုပါလှုပ်ရှားမှုအတွင်း ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းလုပ်အားပေးသူ ၁၀၀၀၀ ကျော်တို့သည် မနီလာမြို့လယ်မှ ပင်လယ်အော်အထိ နှစ်ကီလိုမီတာအကွာအဝေးကို လမ်းလျှောက်ချီတက်ကြပြီး လမ်းတစ်လျှောက်ရှိ အမှိုက်အများအပြားကို ကောက်ယူရှင်းလင်းကြသည်။

မနီလာပင်လယ်အော်တွင်းသို့ နေ့စဉ် အမှိုက်တန်ချိန် ၁၅၀၀ ခန့် တရားမဝင်စွန့်ပစ်နေကြောင်း ဖိလစ်ပိုင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းပင်လယ်အော်အတွင်းရှိ ရေတွင် အီကိုလိုင်းဗက်တီးရီးယားပိုးများ ပါဝင်မှုသည် သတ်မှတ်ထားသည့် ပမာဏထက် သုံးဆပိုမိုများပြားနေခြင်းကြောင့် ပြည်သူများအနေဖြင့် ပင်လယ်အော်တွင် ရေမကူးကြရန် အာဏာပိုင်များက သတိပေးထားသည်။

ပင်လယ်အော်အနီးရှိ လူနေအိမ်များမှ စွန့်ပစ်ရေဆိုးများအား ပင်လယ်အော်အတွင်း တိုက်ရိုက်စွန့်ထုတ်မှု ရှိ၊ မရှိကို အာဏာပိုင်များက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပြီး တိုက်ရိုက်စွန့်ထုတ်ကြောင်း တွေ့ရှိပါက ၎င်းနေအိမ်များကို လူနေထိုင်ခွင့်ပြုမည် မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မနီလာပင်လယ်အော်အနီးရှိ ဆင်းရဲသားရပ်ကွက်အား လာမည့်နှစ်တွင် ရှင်းလင်းသွားရန် ဖိလစ်ပိုင်အစိုးရက စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နှစ်တစ်ရာပြည့် လွတ်လပ်ရေးလှုပ်ရှားမှု ပူးပေါင်းကျင်းပရန် တောင်ကိုရီးယားက မြောက်ကိုရီးယားကို ကမ်းလှမ်း

**ဆိုးလ် ဇန်နဝါရီ ၂၉**

မတ်လ ၁ ရက်နေ့တွင် ကျရောက်မည့် ဂျပန်ကိုလိုနီစနစ်ကို ဆန့်ကျင်သည့် လွတ်လပ်ရေးလှုပ်ရှားမှု နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲ ပူးပေါင်းကျင်းပရန် တောင်ကိုရီးယားက ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ(မြောက်ကိုရီးယား)ကို တောင်းဆိုထားသည်ဟု ဒေသခံသတင်းထောက်များက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား၏ ကမ်းလှမ်းချက်အပေါ် မြောက်ကိုရီးယား၏ တုံ့ပြန်မှုကို စောင့်မျှော်နေသည်ဟု တောင်ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ဒေသခံ သတင်းထောက်များကို ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်သည် ၁၉၁၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်အင်ပါယာ၏ ကိုလိုနီပြုခြင်းကို ခံခဲ့ရသည်။ ၁၉၁၉ ခုနှစ် မတ်လ ၁ ရက်တွင် နိုင်ငံအနှံ့ လွတ်လပ်ရေးလှုပ်ရှားမှုပြုလုပ်သည့်အတောအတွင်း ဂျပန်၏လူမဆန်သော နှိမ်နင်းမှုများကြောင့် ကိုရီးယားလူမျိုး ၇၅၀၀ ခန့် အသတ်ခံရပြီး ၅၀၀၀၀ အဖမ်းခံခဲ့ရသည်ဟု ဒေသခံသမိုင်းပညာရှင်များက ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ပြီးခဲ့သည့် စက်တင်ဘာလက ပြုံယမ်း၌ ကျင်းပသည့် ၎င်းတို့၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးပွဲတွင် လာမည့် နှစ်တစ်ရာပြည့် လွတ်လပ်ရေးလှုပ်ရှားမှုအခမ်းအနားကို ပူးပေါင်းကျင်းပသွားရန် သဘောတူခဲ့ကြသည်။

**ဆင်ဟွာ**



# လက်ရှိကာလတွင် အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့များလိုအပ်ဟု သမ္မတဂါနီ ပြောကြား

**ကဘူး ဇန်နဝါရီ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ၏လတ်တလောကျရောက်နေသည့် အခြေအနေများကြောင့် နိုင်ငံတွင်း၌ အမေရိကန်တပ်ဖွဲ့များရှိနေရန်လိုအပ်ကြောင်း အာဖဂန်နစ္စတန်သမ္မတ အာရှက်ဖ်ဂါနီက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။



ဇန်နဝါရီ ၂၈ ရက်တွင် အာဖဂန်နစ္စတန်သမ္မတက တိုင်းပြည်သို့ ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံသားများအနေဖြင့် ၎င်းတို့၏နိုင်ငံတွင်း၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ ကာလရှည်ကြာစွာ တည်ရှိနေခြင်းကို အလိုမရှိကြောင်းလည်း အာဖဂန်နစ္စတန်သမ္မတက ပြောကြားခဲ့သည်။

### လိုအပ်ချက်အပေါ်အခြေတည်

သို့သော် အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ နိုင်ငံခြားတပ်ဖွဲ့များ လက်ရှိတည်ရှိနေမှုသည် လိုအပ်ချက်ပေါ်အခြေတည်၍ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားသားတပ်ဖွဲ့များ ရုပ်သိမ်းနိုင်ရေးအတွက် အာဖဂန်အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသည့် တာလီဘန်စစ်သွေးကြွအဖွဲ့နှင့် အပစ်အခတ်ရပ်စဲမှုရရှိရန် လိုအပ်သကဲ့သို့ လုံခြုံရေးအခြေအနေလည်း တိုးတက်ရန်လိုအပ်ကြောင်း အာဖဂန်သမ္မတက အဆိုပြုခဲ့သည်။

မိမိ၏အစိုးရအဖွဲ့နှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ရေးအတွက် စဉ်းစားသုံးသပ်ရန် အာဖဂန်နစ္စတန်သမ္မတက တာလီဘန်အဖွဲ့အား တိုက်တွန်းခဲ့သည်။ အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့အကြား တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ ခုနှစ်ကတည်းကပင် ပြုလုပ်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

### အရှိန်အဟုန်ဖြင့် ပေါ်ထွက်လာ

ကာတာနိုင်ငံတွင် ခြောက်ရက်ကြာကျင်းပပြီးစီးခဲ့သည့် တာလီဘန် စစ်သွေးကြွအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အမေရိကန်ပြည်ထောင်စုမှ ကိုယ်စားလှယ်အဖွဲ့တို့၏ ဆွေးနွေးပွဲရလဒ်များအရ အာဖဂန်ပြည်တွင်းငြိမ်းချမ်းရေးအတွက် သက်ရောက်မှုများ အရှိန်အဟုန်ဖြင့် ပေါ်ထွက်လာခဲ့သည်။ ၎င်းကိုယ်စားလှယ်အဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံတွင်းမှ အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်ဟု ယုံကြည်ရသည်။

အမေရိကန်တပ်ဖွဲ့မှာ အာဖဂန်နစ္စတန်နိုင်ငံမှ စောစီးစွာ ဆုတ်ခွာခြင်းနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးမှုများအား နှောင်းနှေးနေခြင်းတို့သည် လုံခြုံရေးအခြေအနေများ တိုးတက်လာစေမည့် မျှော်မှန်းချက်များကို မှေးမှိန်စေမည်ဖြစ်ကြောင်း အာဖဂန်သမ္မတက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ် ပဏာမကစားသမားစာရင်းအား ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်သစ် ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်သည် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၈ ဦး စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီ ၄ ရက်တွင် စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲမှာ နည်းပြသစ် ပိုပေါ့ဗ်အတွက် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲလည်းဖြစ်သည်။ ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ပိုပေါ့ဗ်သည် ကစားသမားများရွေးချယ်ရန် ပြည်တွင်းလိဂ်ပွဲများဖြစ်သည့် MNL ပြိုင်ပွဲနှင့် လူငယ်ပြိုင်ပွဲအပါအဝင် လိဂ်အားလုံးနီးပါး လိုက်လံကြည့်ရှုကာ အလားအလာရှိသည့် ကစားသမားအချို့ကိုပါ ရွေးချယ်ထားသည်။ ယခုဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်းတွင် ၂၀၁၈ ခုနှစ်က မြန်မာ ယူ-၂၂ အသင်းတွင် အမာခံကစားသမားများအဖြစ် ပါဝင်ကစားခဲ့သည့် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ စိုးမိုးကျော်နှင့် ဝင်းမိုးကျော်စသည့် ကစားသမားများ ပြန်လည်ပါဝင်လာသည်။ မျက်နှာသစ်ကစားသမားများအဖြစ် ကောင်းထက်စိုး၊ ထူးခန့်လွင်၊ အောင်ကိုဦး၊ ဇော်ဝင်းသိန်း၊ ရဲမင်းသူတို့လည်း ရွေးချယ်ခံခဲ့ရသည်။

မြန်မာ ယူ-၂၂ အသင်းတွင် နည်းပြချုပ် ပိုပေါ့ဗ်၊ လက်ထောက်နည်းပြ ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ ကြံ့ခိုင်ရေးနည်းပြ ဟွမ်ရိုမန်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် **ဂိုး** ဘုန်းသစ္စာမင်း (ရှမ်း)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း** ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော် (ဧရာဝတီ)၊ အောင်ဝဏ္ဏစိုး(ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲမင်းသူ (ရှမ်း)၊ ဇင်ရဲနိုင် (အား/ကာသိပ္ပံ)၊ ဟိန်းဖြိုးဝင်း (ရှမ်း)၊ **အလယ်တန်း** နန်းထိုက်ဇော်၊ လွင်မိုးအောင် (ဧရာဝတီ)၊ ဇေယျာနိုင်၊ မြတ်ထွန်းသစ်၊ ဇင်မင်းထွန်း (မကွေး)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း(ရတနာပုံ)၊ ဇွဲသက်ပိုင် (ရှမ်း)၊ အောင်ကိုဦး၊ ဇော်ဝင်းသိန်း (MFF ယူ-၁၉)၊ **ရှေ့တန်း** ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ (ရှမ်း)၊ ဟိန်းထက်အောင်(ဟံသာဝတီ)၊ ကောင်းထက်စိုး၊ လွှမ်းမိုးဦး (ရန်ကုန်) တို့ ပါဝင်ကြသည်။



မြန်မာ ယူ-၂၂ အသင်းတွင် ရွေးချယ်ခံရသည့် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ဖူဆယ်လိဂ်တွင် MIC အသင်း ၁၃ ပွဲဆက်နိုင် ဒုတိယနေရာမှ VUC အသင်း ဆက်လက်ဖိအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၃ ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ထိပ်ဆုံးမှ MIC အသင်းက ၁၃ ပွဲဆက်အနိုင်ရခဲ့ပြီး ဒုတိယနေရာမှ VUC အသင်းမှာလည်း နိုင်ပွဲရယူနိုင်ခဲ့သည်။

ဒုတိယနေရာမှ VUC အသင်းသည် GV Athletic အသင်းကိုအနိုင်ရခဲ့သောကြောင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး GV Athletic အသင်းမှာမူ ရှုံးပွဲကြောင့် တတိယနေရာကို မြို့မ YTD အသင်းထံ လွှဲပေးခဲ့ရသည်။ MIC အသင်းမှာမူ ၁၃ ပွဲဆက် နိုင်ပွဲရယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ဇယားအောက်ပိုင်းတွင် ရောက်ရှိနေသည့် Titan XII အသင်းမှာလည်း တတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့သည်။ ပွဲစဉ် ၁၃ တွင် MIC အသင်းက AMM အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ VUC အသင်းက GV Athletic အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Comrade အသင်းက PU အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Titan XII အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-နှစ်ဂိုး၊ မြို့မ YTD အသင်းက UPT အသင်းကို လေးဂိုး-သုံးဂိုး၊ ရွှေမြဝတီအသင်းက White Colour အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် MIC အသင်းက ၃၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး VUC အသင်းက ၃၆ မှတ်ဖြင့် ဒုတိယ၊ မြို့မ YTD အသင်းက ၂၇ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ **ရှိုင်းထက်ဇော်**

## အာဆင်နယ်အသင်းက ကာဟေးလ်အား ခေါ်ယူမည်ဟုဆို

အာဆင်နယ်အသင်းဟာ ချယ်လ်ဆီးနောက်တန်းကစားသမား ကာဟေးလ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလမပိတ်မီအတွင်းမှာ စာချုပ်ချုပ်ဆို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ သောကြာနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်မှာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

အဲဒါကြောင့် အသင်းအတွက်လိုအပ်နေတဲ့ နောက်တန်းခံစစ်ပိုင်းကို အားဖြည့်ရန်အတွက် အာဆင်နယ်အသင်းက ချယ်လ်ဆီးနောက်တန်းကစားသမား ကာဟေးလ်ကို ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပြီး လက်ရှိမှာ အာဆင်နယ်အသင်းရဲ့ အားထားရတဲ့ကစားသမားတွေဖြစ်တဲ့ ဆိုကရေးတစ်နဲ့ ကိုစီယယ်နီတို့ဟာလည်း ဒဏ်ရာပြဿနာကြုံတွေ့နေတာဖြစ်ပါတယ်။

နောက်တန်းကစားသမားကာဟေးလ်ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး ဖူလ်ဟမ်အသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ နောက်တန်းကစားသမားတစ်ဦးကို အငှားစာချုပ်နဲ့ ခေါ်ယူခွင့်ရခဲ့မယ်ဆိုရင် ခေါ်ယူမယ်လို့လည်း ဆိုလာပါတယ်။

ချယ်လ်ဆီးအသင်းကတော့ ကွင်းလယ်ပိုင်းကို အားဖြည့်ဖို့အတွက် ခရိုအေးရှားနဲ့ ဘာစီလိုနာကွင်းလယ်ကစားသမား ရာကီတစ်ကို ခေါ်ယူမယ်လို့လည်း ဆိုပါတယ်။

**ငွေကြယ် - ရေးသားသည်**



## နောက်တန်းကစားသမား ဘန်ချီးဝဲလ်အား မန်စီးတီး စိတ်ဝင်စားနေ

မန်စီးတီးအသင်းဟာ အသင်းရဲ့လိုအပ်နေတဲ့ ခံစစ်ပိုင်းကို အားဖြည့်ဖို့အတွက် လက်စတာစီးတီးအသင်းမှ ဘန်ချီးဝဲလ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းအနေနဲ့ လွန်ခဲ့တဲ့ ၁၈ လတာကာလအတွင်းက ပြင်သစ်နောက်တန်းကစားသမား မန်ဒီအား ခေါ်ယူခဲ့ပေမယ့် ဒဏ်ရာပြဿနာကြောင့် နည်းပြဂွါဒီယိုလာရဲ့ ခံစစ်ပိုင်းမှာ အားနည်းမှုတွေနဲ့ ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ မန်ဒီဟာ ဘာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘာအိုဖလားပွဲစဉ်မှာ ပထမဆုံးပြန်လည်ပွဲထွက်ကစားခွင့်ရရှိခဲ့ပေမယ့် ဘန်လေအသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာတော့ ဒူးဒဏ်ရာပြဿနာကြောင့် လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

ချီးဝဲလ်ဟာ ၂၀၁၅ ခုနှစ်အတွင်းက မန်စီးတီးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ လက်စတာစီးတီးအသင်းရဲ့လူငယ်အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအနေနဲ့ အရည်အချင်းပြည့်ဝတဲ့ ထိပ်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပြီး ဒုတိယရာသီဝက်အတွင်း လိုအပ်နေတဲ့ ကစားသမားအင်အားကို ပြန်လည်ဖြည့်ဆည်းဖို့စီစဉ်ထားတယ်လို့ သိရပါတယ်။



## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ကာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၀၂ စီး၊ သွင်းကုန် ၇၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆ စီး၊ သွင်းကုန် အစီး ၁၈၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။ အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့ သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆ ဒသမ ၁၁၄ သန်း)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၂၄၈ သန်း) စုစုပေါင်း တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄ ဒသမ ၃၆၂ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် TOYOTA Crown ယာဉ် နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း ၉၀၉ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၅ ဒသမ ၄၅ သန်း)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မှော်ဘီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးနှင့် မြေတိုင်း-၄တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပက်တန်းကျေးရွာတွင် ဒေသခံလယ်သမားများ နှစ်(၃၀) ကျော် လယ်လုပ်ငန်း လုပ်ကိုင်အသက်မွေးခဲ့ကြသည့် မပယ်ဖျက်ရသေးသော စားကျက်မြေ ဧက ၁၄၀ ခန့်အတွင်း လယ်သမား အိမ်ထောင်စု ၃၁ စုထံမှ မြေဂရန်ချပေးမည်၊ ပုံစံ(၇) ထုတ်ပေးမည်ဟုဆိုကာ ငွေတောင်းခံသွားသောသူများအား အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးအောင်စိုးလင်းနှင့် မြေတိုင်း-၄ ဦးဇော်အေးလတ်တို့သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မြေစာရင်း ပုံစံ (၁၀၅)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိအောင် ဆောင်ရွက်ပေးမည်ဟုဆိုကာ စားကျက်မြေအတွင်း၌ နေထိုင်သည့် တောင်သူများထံမှ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တစ်ဝက်ကြေးဖြစ်သည့် ငွေကျပ် ၂၅၀၀၀ နှုန်းကို ကောက်ခံပေးရန် ရပ်မိရပ်ဖ အကူအညီတောင်းခံ၍ ကောက်ခံရရှိသည့် ငွေကျပ် ၁၅၅၀၀၀၀ မှ လက်ထောက်ဦးစီးမှူး ဦးအောင်စိုးလင်းက ငွေကျပ် ရှစ်သိန်းနှင့် မြေတိုင်း-၄ ဦးဇော်အေးလတ်က ငွေကျပ် သုံးသိန်းကို မှော်ဘီမြို့ ဆိုင်ကယ်ဂိတ်အနီး စားသောက်ဆိုင်၌ လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မှော်ဘီမြို့မရဲစခန်းတွင် ဇန်နဝါရီ ၂၈ ရက် ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

## လပွတ္တာမြို့နယ် ကန်ဘဲ့နယ်မြေရဲစခန်းမှ အမှုစစ် ဒုရဲအုပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ နစ်နာသူ လယ်သမားများက လယ်ထွန်ရန်အတွက် လိုအပ်သော ကျွဲငါးကောင်ကို စာချုပ်စာတမ်းနှင့် ဝယ်ယူခဲ့ပြီး စက်လှေဖြင့် သယ်ဆောင်လာစဉ် လပွတ္တာမြို့နယ် ကန်ဘဲ့နယ်မြေရဲစခန်းမှ အမှုဆင်ဖမ်းဆီးတရားစွဲ၍ ငွေကြေးတောင်းခံခဲ့ခြင်းနှင့် တရားရုံး သက်သေခံဖြစ်သော ကျွဲများကို ရောင်းချခဲ့သည့်အတွက် အရေးယူပေးပါရန် ဤကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကန်ဘဲ့နယ်မြေရဲစခန်းမှ အမှုစစ် ဒုရဲအုပ်အောင်နိုင်ဦးသည် တရားခံ၏ ဇနီးထံမှ အမှုကိစ္စညှိနှိုင်းရန် ငွေကျပ် ငါးသိန်းနှင့် တရားခံများ အာမခံရရှိရေးအတွက် ငွေကျပ် ငါးသိန်းတို့ကို တောင်းခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကန်ဘဲ့နယ်မြေရဲစခန်းမှ အမှုစစ် ဒုရဲအုပ်အောင်နိုင်ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ကန်ဘဲ့နယ်မြေရဲစခန်းတွင် ဇန်နဝါရီ ၂၈ ရက် ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိ သည်။ **သတင်းစဉ်**

## ချမ်းမြသာစည်၊ မဘိမ်း၊ နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီက ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၁)ရပ်ကွက် ပိတောက်နှင့် ချယ်ရီလမ်းကြား၊ ၆၂ လမ်းပေါ်ရှိ စားသောက်ဆိုင်ရှေ့တွင် တွေ့ရှိသူ ဇင်ကိုကိုဦး(ခ)ဇင်ကိုအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၃)ရပ်ကွက် ၆၂×၆၄ လမ်းကြား ဇလပ်ဝါလမ်းရှိ ၎င်း၏နေအိမ်အား သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀ ကိုလည်းကောင်း။

အလားတူ ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအလွန် ညောင်ပင်အနီး လားရှိုး-မူဆယ်သွား ပြည်ထောင်စုကားလမ်းပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ခရီးသည် ရန်ရှီရီ၊ လိုကျိုးတို့ထံမှ ဘိန်းစိမ်း ၁၁ ဒသမ ၄ ကီလိုကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီက နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းပေါ်တွင် စန်တိုစ်(ခ)စိုးစိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကို လည်းကောင်း။

အလားတူ ဇန်နဝါရီ ၂၇ ရက် ည ၉ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မဘိမ်း-ငါးအိုးသွားကားလမ်းတွင် စံခေါင် မောင်းနှင်ပြီး စိုင်းအောင်(ခ)အောင်ခမ်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရာ ၎င်းတို့မှာ စိတ်ကြွရူးသွပ်ဆေးပြားများအား မဘိမ်း-ငါးအိုး သွားကားလမ်း မိုင်တိုင် (၅၅) ဒေသအခေါ် သုံးမျက်နှာဘုတ်တိုင်အနီး ဝါးရုံတောအတွင်း၌ ဝှက်ထားကြောင်း သိရှိရ၍ သွားရောက်ရှာဖွေရာ ဝါးရွက်များဖြင့် ဖုံးထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ရန်ရှီရီ၊ လိုကျိုး၊ လောက်အဲတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## သစ်ခိုးထုတ်လုပ်မှုများအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် သစ်တောဦးစီးဌာနအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုများ ဖမ်းဆီးအရေးယူခြင်း ဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အုတ်တွင်း၊ ဖြူး၊ ပေါက်ခေါင်းမြို့နယ်တို့မှ ကျွန်း ၂၂၇ ဒသမ ၄၆၂ တန်၊ သစ်မာ ၁ ဒသမ ၅၂၄ တန်နှင့် အခြား ၁ ဒသမ ၀၇၂ တန်အား ဖမ်းဆီးရမိကြောင်း သိရသည်။ အဆိုပါ ပဲခူးရိုးမအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ သစ်ထုတ်လုပ်မှုကို ၁၀ နှစ် ရပ်ဆိုင်းထားကြောင်း သိရသည်။ **ဟန်လင်းနိုင်**

## တမလန်းသစ် ကိုးတန်ကျော် သိမ်းဆည်းရမိ

**အင်းတော် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် တရားမဝင် တမလန်းသစ်များ တင်ဆောင်ထားသော ယာဉ်တစ်စီး အင်းတော်-ဗန်းမောက်သွားကားလမ်းပေါ်ရှိ သက္ကယ်ကျင်းကျေးရွာအနီး ရပ်ထားကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ် ကိုးတန်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **လှူအောင်(ကသာ)**



# အိပ်မက်လမ်းသို့ ခရီးရှည် (နိဂုံး)

ခဲ မြင့်စိုး (နတလ)

**အိပ်မက်မှ နိုးခဲ့ကြပြီ**

ပူတာအိုခရိုင်အတွင်းမှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ လက်တွဲညီညီ ဖောက်လုပ်ခဲ့သော၊ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ လမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မဂွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅ မိုင် ၄ ဖာလုံအနက် မဂွေဇမှ ဆန်းလွတ်ချက်တောင်ထိပ်ထိ ၃၃ မိုင် ၆ ဖာလုံ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို ပြီးခဲ့သည့် ဇန်နဝါရီ ၈ ရက်နေ့ နံနက်ပိုင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ထိုနေ့အခမ်းအနားကို အိပ်မက်ရှည်ကြီး မက်နေရာမှ နိုးထလာခဲ့ကြသော ဒေသခံ ရဝမ်၊ လီဆူတိုင်းရင်းသား၊ တိုင်းရင်းသူ ၁၀၀၀ ကျော် ရောက်ရှိလာခဲ့ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသကဲ့သို့ ဘဝတစ်သက်တာ အိပ်မက်မက်ခဲ့ရသော မော်တော်ကားလမ်းကြီး ပေါ်ပေါက်လာမှုအပေါ် များစွာနှစ်ထောင်းအားရဖြစ်လျက် လမ်းတစ်လျှောက် လိုက်လံကြည့်ရှု လေ့လာခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း လေးနှစ်စီမံကိန်းဖြင့် လျာထားသည့်အတိုင်း မဂွေဇ-ခေါင်လန်ဖူး ၆၅/၄ မိုင်ကို ပေါက်အောင် ဖောက်လုပ်ပေးသွားမည်ဖြစ်သကဲ့သို့ ယခုလည်း ဆန်းလွတ်ချက်တောင်ထိပ်မှအဆင်း ကျောက်တောင်များကို မိုင်းခွဲလျက်ဆက်လက်ဖောက်လုပ်ပေးနေပါသည်။ မကြာမီ ရည်မှန်းချက်သို့ ရောက်ပါမည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားက တာဝန်ပေးထားသော ထုတ်လုပ်ရေးမှူး ဦးဇေယျာကျော်ဝင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ဆွေဆွေသန်း၊ အစီအစဉ်တင်ဆက်သူ ကျော်မျိုးထွန်း၊ ကင်မရာနှင့် ဒရုန်းရိုက်ကူးရေးအဖွဲ့ဝင်များဖြစ်ကြသည့် မြင့်လှိုင်၊ ဂေါလူဂျာနော်ဆိုင်း၊ မျိုးသန့်ဇော်၊ မန်းကျော်တို့ တက်ညီလက်ညီ အပင်ပန်းခံ ရိုက်ကူးခဲ့ကြသည့် အိပ်မက်လမ်းသို့ခရီးရှည် ရုပ်မြင်သံကြားအစီအစဉ်ကိုလည်း မြန်မာ့ရုပ်မြင်သံကြား MRTV က ဇန်နဝါရီ ၂၆ ရက် စနေနေ့ည သတင်းများအပြီးတွင်လည်းကောင်း၊ နောက်တစ်နေ့ နံက်ပိုင်းတွင်လည်းကောင်း အားပါးတရ မိနစ် ၄၀ ခန့် အချိန်ပေး၍ ထုတ်လွှင့်တင်ဆက်ခဲ့ပြီးဖြစ်ပါသည်။

အပင်ပန်းခံရိုက်ကူးခဲ့ကြသည်ဟု ပြောရခြင်းမှာ ထုတ်လုပ်ရေးမှူး ဦးဇေယျာကျော်ဝင်း၊ အစီအစဉ်တင်ဆက်သူ မောင်ကျော်မျိုးထွန်းနှင့် ကင်မရာမင်း မောင်မျိုးသန့်ဇော်တို့သုံးဦးသည် ကားလမ်းနှင့် ဆိုင်ကယ်လမ်း လုံးဝမပေါက်သေးသော လုံးတုံနှင့် ရီဒမ်း (မေခမြစ်အထိ) အကြားကို အသွားအပြန် သုံး၊ လေးရက်ခန့် လမ်းလျှောက်ပြီး ထိုခရီးအကြားမှာ အထုပ်အပိုးများသယ်လျက် ယခင်နှစ်ပေါင်းများစွာက သွားလာနေသည့်ပုံရိပ်များအတိုင်း ရိုက်ကူးခဲ့ကြသည်။ ရီဒမ်းကျေးရွာ အလက(ခွဲ) ကျောင်းမှ ဆရာ ဆရာမများနှင့်လည်း တွေ့ဆုံမေးမြန်းရိုက်ကူးမှုများ ပြုလုပ်နိုင်ခဲ့ကြသည်။ မှတ်တမ်းနှင့် စာမူရေးသားသူ ကျွန်တော်သည်ပင်လျှင် ဤအသက်အရွယ်နှင့် ဆန်းလွတ်ချက်ဘက်သို့ ပြန်တက်ရမည့်အရေးကို မစွန့်စားဝံ့သောကြောင့် မေခမြစ်ကူး ရီဒမ်းကြိုးတံတားအထိ မရောက်ခဲ့ပါ။ ယခုအစီအစဉ်မှာ ပြည့်ပြည့်စုံစုံ မှတ်တမ်းပြုနိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော သူတို့သုံးဦး အပါအဝင် MRTV ရိုက်ကူးရေးအဖွဲ့ဝင်များအားလုံးကို နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ကျေးဇူးတင်လျက်ရှိပါသည်။

**ခေသူများ မဟုတ်ကြပါ**

ငယ်စဉ်ကတည်းက ကြားဖူးနေတာတစ်ခုရှိပါသည်။ ပညာအရည်အချင်း ခေသူမဟုတ်ဆိုသည့်စကား။ မည်သူ့ထံက မည်သို့ကြားခဲ့ရ၍ ဤစကားပေါ်ပေါက်လာသည်ဆိုတာကိုတော့ဖြင့် ကျွန်တော် တိတိပပ မပြောတတ်တော့ပါ။ အသေအချာပြောနိုင်တာတစ်ခုကတော့ဖြင့် နယ်စပ်ဒေသများ၊ နယ်စပ်မြို့များ၊ ရွာများမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အခြားဒေသများနှင့်ယှဉ်လျှင် လူမှုစီးပွားဘဝ အခြေအနေများ နောက်ကျကောင်းနောက်ကျတာတွေ ရှိနေပါလိမ့်မည်။ သို့သော် ဘာဆိုဘာမျှ နှိုင်းယှဉ်၍ မရလောက်အောင် အလွန်ဆိုးရွားနေကြသည်ဟု မှတ်ယူပါက မှားပါလိမ့်မည်။

ကျွန်တော်တို့မရောက်ဖူးသေးသည့်အရပ်ဒေသများ




မှာ ထူးခြားသော၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သောပုဂ္ဂိုလ်များ ရှိနေတတ်ပါသည်။ ယခု ကျွန်တော်တို့ပြောနေသည့် ခေါင်လန်ဖူးဒေသလေးကိုပဲကြည့်ပါ။ ရီဒမ်းကျေးရွာ၏ တောင်ဘက်လေးမိုင်ခန့်အကွာ၊ ခေါင်လန်ဖူးမှဆိုလျှင် မြောက်ဘက်ကျကျက (မကယ်ရ်ထ) ဆိုသည့် ရွာကလေးမှာ အင်္ဂလိပ်ခေတ်က စစ်မှုထမ်းရင်း လန်ဒန်မြို့အထိ ရောက်ဖူးခဲ့သူတစ်ဦး ရှိကြောင်း၊ ဓာတ်ပုံမှတ်တမ်းတွေလည်းရှိကြောင်း သိခွင့်ရခဲ့သည်။ ထို့ပြင်တဝ ဦးဖုန်ရိမင်တို့လို လူရည်ချွန်လေးထပ်ကွမ်းများလည်း ခေါင်လန်ဖူးဒေသက မွေးထုတ်ပေးနိုင်ခဲ့၏။ ဆရာမင်သည် ပညာရေးဝန်ထမ်းအဖြစ် ထိုဒေသထဲမှာ တာဝန်ထမ်းဆောင်ခဲ့ရုံမျှမက ယခု မဂွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ရေးလုပ်ငန်းများတွင်လည်း ဒေသခံတစ်ဦးအနေဖြင့် စိတ်ဝင်တစား ပါဝင်ကူညီ ဆောင်ရွက်နေသူဖြစ်ပါသည်။ ရဝမ်တိုင်းရင်းသားခေါင်းဆောင် ဦးအားတန်ကတော့ သူ၏ဖခင်ဖြစ်သူ ဦးတန်ကူးဒီး (အသက် ၁၀၃ နှစ်မှာ ကွယ်လွန်ခဲ့သူ) အပါအဝင် ရှေးလူကြီးများ မှတ်ဉာဏ်ကောင်းပုံကို ယခုလိုပြောပြဖူးသည်-

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတော့ ရဝမ်ခေါင်းဆောင်းတွေ၊ လူကြီးတွေဟာ ရွာမှာ ထူးခြားတဲ့အခြေအနေတွေ၊ အဖြစ်အပျက်တွေကြုံခဲ့ရင် ဘယ်ပုံဘယ်နည်း ဖြေရှင်းပေးခဲ့ကြရတယ်၊ အလျော်အစားပေးခဲ့ရတာတို့၊ ကျေအေးခဲ့ရတာတို့ လုပ်ခဲ့ကြရတယ် ဆိုတာတွေကို သားရေပြားပေါ်မှာ အမှတ်အသားပြုလုပ် မှတ်တမ်းတင်ထားခဲ့ကြတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကြိုးတစ်ချောင်းပေါ်မှာ အထုံးလေးတွေထုံးပြီး အမှတ်အသားပြုတာကို ရဝမ်လို ဟိန်းယုလို့ခေါ်တယ်၊ တစ်ခါကြိုးမထုံးဘဲ ဝါးဆစ်ပေါ်မှာ ဓားနဲ့ထစ်ပြီး အမှတ်သညာပြုတာကိုတော့ ရဝမ်လိုဆိုရင် ဇန်ခဝယ်လို့ခေါ်ကြတယ်။ အသက် ၁၀၃ နှစ်အထိ အသက်ရှင်သွားတဲ့ ကျွန်တော့်အဖေဟာ အသက် ၈၀ လောက်အထိ ဝါးဆစ်ပေါ်က အမှတ်အသားအခု ၄၀ လောက်ကို ဘယ်တုန်းက ဘာဖြစ်လို့ ဘယ်လိုမှတ်သားခဲ့ရကြောင်း၊ ဒိုးဒိုးဒေါက်ဒေါက်နဲ့ ပြောနိုင်ခဲ့တယ်"ဟု ဆိုပါသည်။

နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုများ အားကောင်းလာသည်နှင့်အမျှ နယ်စပ်ဒေသများ၏ အခြေအနေတွေ ပြောင်းလဲသွားတာကတော့ အမှန်ပင်ဖြစ်သည်။ ဝေးဝေးပြေးမကြည့်ပါနှင့်။ သွေးချင်းတို့၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုပဲကြည့်ပါ။ ပဆင တံတားဖြစ်သော ချင်းတွင်းမြစ်ကူး (ခန္တီး) တံတားနှင့် ပဆငလမ်းဖြစ်သော ဆင်သေ-လဟယ်လမ်းက ဒေသအတွက် များစွာအထောက်အကူပြုနေပြီ။ ဟုမ္မလင်းဘက်မှာက တံတားတစ်စင်း၊ နောက်ထပ်လည်း ထမံသီမှာ တံတားတစ်စင်း ပေါ်ပေါက်လာဦးမည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက လဟယ်-ဒုံဟီး-နန်းယွန်း-ပန်ဆောင်ထိ ၁၃၄ မိုင် ကားလမ်းကို ဖောက်ထားပေးပြီး လေရှီးဒေသတွင်လည်း လမ်းပေါင်းများစွာ ဖောက်ပေးခဲ့ပြီ။ နယ်မြေချင်းထိစပ်နေသည့် အိန္ဒိယနယ်စပ်နှင့်လည်း နောင်သောအခါဝယ် အခြေအနေကောင်းများ ဖန်တီးဖော်ဆောင်နိုင်ခွင့်ရမှာ သေချာသည်။ နာဂလူငယ်လူရွယ်လေးများအနေဖြင့် ဝတ်စားဆင်ယင်မှုက အစ ပညာရေးပါမကျန် မည်မျှခေတ်မီတိုးတက်နေကြသည်ကို နာဂနှစ်သစ်ကူးပွဲတော်များသို့ သွားရောက်လေ့လာကြည့်ရှုပါက ထင်ထင်ရှားရှား တွေ့ရပါလိမ့်မည်။ တစ်ခုတော့ရှိသည် ဒေသတည်ငြိမ်အေးချမ်းမှသာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထဲထဲဝင်ဝင်ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။

**မပြီးဆုံးသေးသော ပန်းချီကားတစ်ချပ်**

ထိုပန်းချီကားကို ကျွန်တော်တို့ရေးဆွဲလာတာအတော်လေးကို ကြာခဲ့ပြီ။ ကျွန်တော်တို့ဆိုရာ၌ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်သူများ အားလုံးပါဝင်ပါသည်။ ကျွန်တော် စာပေနယ်သို့ ဝင်ရောက်ခဲ့သည့် ၁၉၉၃-၉၄ နှစ်များ၌ လွှပ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့်ဆိုသော ဝေါဟာရစကားလုံးကို ခုံခုံမင်မင်ကြီးအသုံးပြုကာ နှစ်ပေါင်း ၄၀ ကျော်တည်းဟူသော အချိန်ကာလကို ဖြတ်သန်းခဲ့ကြပြီဖြစ်ကြောင်း စတင်ရေးသားခဲ့သည်။ ထိုအချိန်မှစ၍ မငြိမ်းချမ်းသောကာလကို နှစ်ပေါင်း ၅၀ ကျော်၊ နှစ်ပေါင်း ၆၀ ကျော်ဟု ရေတွက်လာခဲ့ရာ ယခုအခါတွင် နှစ်ပေါင်း ၇၀ ကျော်ဟု ခေါ်ဝေါ်သတ်မှတ်ရမည့်အချိန်ကာလသို့ ဒုတ်ဒုတ်ထိ ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးအချိန်ကာလမှ ယနေ့အထိ တာဝန်ယူလာခဲ့ကြသော ခေတ်အဆက်ဆက် အစိုးရများအနေဖြင့်လည်း မဟာဗျူဟာအရ တူညီသော အန္တိမရည်မှန်းချက်ပန်းတိုင်မှာ ရာသက်ပန်ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေးပဲ ဖြစ်ပါလိမ့်မည်။ ထိုရည်မှန်းချက်ပန်းတိုင်ဆီသို့ ဦးတည်လျှောက်လှမ်းကြရာ၌ နယ်စပ်ဒေသများ၊ နယ်စပ်ဒေသတွင်နေထိုင်ကြသည့် တိုင်းရင်းသားသွေးချင်းများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဖော်ဆောင်ခြင်းသည် ငြိမ်းချမ်းရေးအတွက် ပြတင်းတံခါးတစ်ချပ် (သို့မဟုတ်) မလွဲမသွေကျင့်သုံးရမည့် နည်းဗျူဟာတစ်ရပ်ဖြစ်ကြောင်း သတိပြုရပေမည်။

**ခေါင်လန်ဖူးလွမ်းချင်း**

ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ပန်နန်းဒင်နှင့် မဂွေဇ-ခေါင်လန်ဖူး ကားလမ်းသို့ သုံးခေါက်မြောက်ရောက်ပြီးသကာလ ဝန်ကြီးဌာနအတွက် ကူညီထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များလည်း ပြီးတန်သလောက် ပြီးခဲ့ပြီဖြစ်ရာ နောက်တစ်ကြိမ်ဆိုတာကတော့ မရှိဖို့များပါသည်။ သို့တစေ ထိုဒေသမှာ ဆုံခဲ့ရသော ရဝမ်၊ လီဆူတိုင်းရင်းသား သွေးချင်းများကိုလည်းကောင်း၊ သူတို့၏ ချစ်စရာထုံးဓလေ့များ အလွန်လှပသည့် ရေခဲတောင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကောင်းများကိုလည်းကောင်း၊ ရဝမ်ဒံပေါက်၊ လန်ချားခရောဂ့်ဟုခေါ်သော လက်ဖက်ရည်၊ သကြံန်မနူဟုခေါ်သည့် သတိရရွက်သုတ်၊ ခိုင်ခါးရှီဆိုသည့် ခရမ်းကစော့သီးထောင်း၊ ခေဘီဟုအမည်ရသည့် အာလူးသေးသေးလေး (ပန်းအာလူး) များ စသည့် ရိုးရာအစားအစာများကိုလည်းကောင်း မေ့မည်မဟုတ်တော့ပါ။ ထိုနည်းတူစွာ မဂွေဇ-ခေါင်လန်ဖူးလမ်းကြီးအောင်မြင်စွာပြီးမြောက်ရေးအတွက် သက်စွန့်ကြိုးပမ်းဖောက်လုပ်ခဲ့ကြသူများ၊ တပ်မတော်သားစစ်သည်များ၊ နတလဝန်ထမ်းများကိုလည်း အမှတ်တရရှိနေပါမည်။

သူရိယနေဝန်းဂျာနယ်မှာ ခရမ်ခူ(မြစ်ကြီးနား)ရေးသားခဲ့သည့် ဆောင်းပါးတွင်ပါဝင်သော ကချင်တိုင်းရင်းသူလေး သမီးငယ်ဇယ်နော၊ လည်ဲဇယ်နော (ကွယ်လွန်) ကိုလည်း မမြင်ဖူး မဆုံဖူးသည့်တိုင် အမြဲအမှတ်တရရှိနေတော့မည်ဖြစ်ပါသည်။ သူ့ခမျာ ပညာရေးဝန်ထမ်းလုပ်ချင်ရှာသဖြင့် မြစ်ကြီးနားမှာ (PPTT) ဝင်ဖြေပြီး တာဝန်ကျရာဒေသ ခေါင်လန်ဖူးမြို့နယ်အတွင်းက ခေါင်လန်ဖူးမှ မိုင် ၄၀ ခန့်ကွာဝေးသော ဖန်တုံ အ-လ-က (ခွဲ) ကျောင်းသို့ အရောက်သွား၍ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့ရသည်။ ပြီးခဲ့ သည့် ၂၀၁၈ ခုနှစ် ဇွန်လမှာ အလုပ်ဝင်ရန် မြစ်ကြီးနားမှ ပူတာအို၊ ပူတာအိုမှ ရပ်ဘော့-မဂွေဇ၊ မဂွေဇမှ ခေါင်လန်ဖူး၊ ခေါင်လန်ဖူးမှ ဖန်တုံအထိ ကားတစ်တန်၊ ဆိုင်ကယ်တစ်တန်၊ ခြေကျင်တစ်သွယ်ဖြင့် မိုင်ပေါင်းများစွာ သွားခဲ့ရသည်။ လမ်းမပေါက်သေး၍ ခုနစ်ရက် ရှစ်ရက်ခန့် ခြေကျင်ခရီး သွားခဲ့ရသည်။ ကိုယ်က ကျန်းမာနေစဉ် ပါလာသောဆေးဝါးများကို နေမကောင်းသည့် တိုင်းရင်းသားများအား တိုက်ကျွေးခဲ့သည်။ လေးလခန့်အကြာမှာ ပန်းဖျားဖျားတော့ ကိုယ့်မှာ ပါလာသည့် ဆေးကကုန်ပြီ၊ လမ်းမပေါက်သေးသည့် ခေါင်လန်ဖူးဘက်သို့ပြန်ပြီး ဆေးဝါးကုသရန်မလွယ်၊ ကျေးရွာလူကြီးများနှင့် ကျောင်းအုပ်ဆရာကြီးက မြန်မာ-တရုတ်နယ်စပ်မြို့လေးရှိရာသို့ ပို့ဆောင်ဆေးကုသရန် စီစဉ်ပေးခဲ့သော်ငြား ကံဆိုးလှသူ သမီးငယ်လေးဇယ်နောခမျာ ရှိန်းခေါင်ဆိုသောရွာလေး၌ အောက်တိုဘာ ၂၈ ရက်တွင် ကွယ်လွန်ခဲ့ရရှာသည်။

အကယ်၍သာ မဂွေဇ-ခေါင်လန်ဖူးလမ်းကြီးသည် လွန်ခဲ့သည့် နှစ်အနည်းငယ်ကတည်းက ပေါ်ပေါက်လာခဲ့မည်ဆိုပါလျှင် ဇယ်နောအပါအဝင် အခြားသော တိုင်းရင်းသားသွေးချင်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ များစွာအထောက်အကူဖြစ်နေပါလိမ့်မည်။ ခေါင်လန်ဖူးကို ကားလမ်းရောက်ပြီဆိုမှဖြင့် သူ့ကိုဗဟိုပြုပြီး အခြားသောလမ်းတွေ ပေါ်ပေါက်လာပါဦးမည်။ ဒီလောက်နှင့် ရပ်တန့်နေဦးမည်မဟုတ်ပါ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် နယ်စပ်ပတ်လမ်းတွေ ပေါ်ပေါက်လာပါဦးမည်၊ တိုင်းရင်းသားများ၏အကျိုးကို ပို၍ပို၍ သယ်ပိုးကြပါဦးမည်၊ ထိုကာလမတိုင်မီ ကံအကြောင်းမလှစွာ ကွယ်လွန်ခဲ့ကြရသော သမီးငယ်ဇယ်နော အပါအဝင် ဝန်ထမ်းများ၊ တိုင်းရင်းသားများကိုလည်း ဘုရားသခင်စောင့်ရှောက်တော်မူပါစေဟုသာ။ ။

# မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး စည်းဝေး



**ချမ်းအေးသာစံ ဇန်နဝါရီ ၂၉**

မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေများဖြင့် မြို့နယ်အတွင်း စီမံကိန်းများဆောင်ရွက်ကြရာတွင် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မဖြစ်စေရေး၊ သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တောင်းခံတင်ပြသုံးစွဲရေး၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများအနေဖြင့် အထူးအလေးထား၍ အောက်ခြေအဆင့်အထိ ကြပ်မတ်ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက မြို့နယ်အတွင်း ဌာနအသီးသီးက ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်ငြိမ်းစုသောင်းက မြို့နယ်အတွင်း စီမံကိန်းများ ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာများ၏ လုပ်ငန်းလျာထားမှုများ လက်ခံရရှိမှုအခြေအနေများနှင့် အတည်ပြုပေးနိုင်ရေး ကိစ္စရပ်များ၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှတစ်ဆင့် ဆက်လက်တင်ပြပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာအော်ဂဲနစ်စံချိန်စံညွှန်းဖြင့် ထုတ်လုပ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ထုတ်လုပ်သူနှင့် စားသုံးသူပြည်သူများအကြား ယုံကြည်အားကောင်းစေရန် အော်ဂဲနစ်တံဆိပ် တပ်ရောင်းနိုင်မည့် အသိအမှတ်ပြုလက်မှတ်ကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပေးသွားမည်ဖြစ်၍ တောင်သူများ ကြိုတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) မှ သိရသည်။

"ဒီနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာက ဓာတုပစ္စည်းတွေသုံးလာတာနဲ့အမျှ ပိုးသတ်ဆေး ဓာတ်ကြွင်းတွေမြင့်တာတို့၊ ဓာတ်မြေသြဇာတွေ အလွန်အကျွံ သုံးတာတို့ကြောင့် လူထုရဲ့ ကျန်းမာရေးဆိုးကျိုးပြဿနာက ရှိနေပါတယ်။ ဒါတွေ ကင်းလွတ်ဖို့က အော်ဂဲနစ်နဲ့ထုတ်မယ်ဆိုရင် သာမန်ထုတ်လုပ်တာထက် ထွက်နှုန်းက ကျလာတယ်၊ ကျလာတာနဲ့အမျှ ထိုက်တန်တဲ့ ဈေးနှုန်းအပြင် ခိုင်မာတဲ့ဈေးကွက် ရှိဖို့လည်းလိုပါတယ်။ ဒါမှ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလည်း ခံသာမှာဖြစ်ပါတယ်။ အခုအခါမှာ ဒေသအလိုက် အော်ဂဲနစ်သီးနှံထုတ်ကုန်ရောင်းချတဲ့ ဆိုင်ကြီးတွေ၊ City Mark တွေနဲ့ အခြားဆိုင်ကြီးတွေပေါ်ပေါက်နေပါပြီ၊ ဒါကို အားပေးဖို့လိုသလို ယုံကြည်စွာနဲ့စားသုံးကြဖို့လိုပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောကြားသည်။

အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးကို အစီအစဉ်ဆွဲဆောင်ရွက်နေပြီဖြစ်သည်။ အော်ဂဲနစ်စံချိန်စံညွှန်းနှင့် ပတ်သက်ပြီး အမျိုးသားကော်မတီတစ်ခု ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် Certification Body ထောက်ခံချက်ရယူနိုင်မည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းဆောင်ရွက်မှု ခန့်မှန်းကာလ လေးလကျော်ကြာမြင့်မည် ဖြစ်သည်။ အော်ဂဲနစ်အသိအမှတ်ပြုတံဆိပ်ကို တောင်သူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် စုံစမ်းကာ လျှောက်ထားနိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူ ဦးမြင့်ဦးက "ကျွန်တော်တို့ရဲ့ အော်ဂဲနစ်အခြေခံ သီးနှံတွေက ရန်ကုန်ဈေးကွက်ထဲကိုတော့ ထိုးဖောက်နေတဲ့ အခြေအနေတော့ ရှိတယ်ပေါ့။ ဒါပေမယ့် အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ် မရှိတော့ အော်ဂဲနစ်နာမည်နဲ့ ဈေးကွက်ကို မတင်နိုင်ဘူး ဖြစ်နေတာပါ။ ကျွန်တော့်သူငယ်ချင်းဆိုရင် အော်ဂဲနစ်စနစ်နဲ့ သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်ထားတယ်။ ဒါပေမယ့် အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ် မရှိတဲ့အတွက် ရန်ကုန်မြို့သီရိမင်္ဂလာဈေးကိုပဲ ပို့လိုက်ရတာရှိတယ်" ဟု ပြောသည်။

**မြင့်မောင်စိုး**

# လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်



**ရမည်းသင်း ဇန်နဝါရီ ၂၉**

ရမည်းသင်းမြို့ပေါ် ရပ်ကွက်များတွင် နွေရာသီလျှပ်စစ်ဓာတ်အား မပြတ်တောက်ရေးနှင့်လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရှပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းမလွတ်သော သစ်ပင် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၅ ရက်တွင် စီဗွီလိုင်းရပ်ကွက် စုပေါင်းရုံးလမ်း၌ ဆောင်ရွက်ရာ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်ချိုချိုတင့်နှင့် တာဝန်ကျလျှပ်စစ်လိုင်းများဖြင့်ဆောင်ရွက်နေကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# အခွံမာ ခရမ်းချဉ်သီးနှင့် အခွံပါး ခရမ်းချဉ်မျိုး စိုက်ပျိုးသူများလာသော်လည်း ဝယ်လက်အေး

**ကသာ ဇန်နဝါရီ ၂၉**

ကသာမြို့နယ်တွင် အခွံမာ ထိုင်ဝမ်ခရမ်းချဉ်သီးနှင့် အခွံပါး မြန်မာမျိုး ခရမ်းချဉ်သီးစိုက်ပျိုးသူများ ဈေးသို့လာရောက်ရောင်းချသူများနေသော်လည်း နယ်မှအဝယ်လိုက်မှု နည်းနေကြောင်း ခရမ်းချဉ်သီးဖြန့်ချိသည့် ပွဲရုံများမှ သိရသည်။

ကသာမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ပုလွေရွှေကျေးရွာအုပ်စု၊ ကျောက်ထုံးကြီးကျေးရွာအုပ်စု၊ ကူးကာကျေးရွာအုပ်စု၊ ဗွက်ကျေးရွာအုပ်စုများ၌ ဧရာဝတီမြစ်ရေကျဆင်းချိန်မှစ၍ ရာသီပေါ်သီးနှံများဖြင့် တွဲဖက်ကာ ခရမ်းချဉ်သီး စိုက်ပျိုးသူများပြားလျက်ရှိကြောင်းနှင့် ကသာမြို့ရှိ ခရမ်းချဉ်သီးဖြန့်ချိပွဲရုံများ၌ ပိသာများစွာစုပြုံဝင်ရောက်မှုများပြားသော်လည်း မန္တလေးမြို့နှင့် တောင်ကြီး၊ ဖားကန့်ဝယ်လက်များ မှာယူမှုလျော့ကျနေကြောင်း၊ ခရမ်းချဉ်စိုက်တောင်သူများနှင့် ဖြန့်ချိရောင်းဝယ်သူများ အခက်တွေ့နေကြောင်းလည်း သိရသည်။

**ငွေအိုး (ကသာ)**

# (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အကြို ပြပွဲ၊ ပြိုင်ပွဲများကျင်းပ

**အိမ်မဲ**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီက အိမ်မဲမြို့ စာချွန်ခံရပ်ကွက် အမက စာချွန်ခံကျောင်း၌ ကျင်းပသည်။

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ပြည်ထောင်စုနေ့အကြောင်းနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဟောပြောပြီး တိုင်းကျိုးပြည်ပြု မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များ ပြသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**အင်တော**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ဟောပြောပြီး နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု မှတ်တမ်းဓာတ်ပုံများကို ကျောင်းသားကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**အင်တော(ပြန်/ဆက်)**

**လယ်ဝေး**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခြေခံပညာ အထက်တန်းကျောင်းနှစ်ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀ က ပြည်ထောင်စုနေ့တို့မမေ့နှင့် ညီညွတ်ခြင်းသည်စွမ်းအင်၊ စည်းလုံးခြင်းသည်ခွန်အား ပြည်ထောင်စု၏နှလုံးသား စသည့်ခေါင်းစဉ်နှစ်ခုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်နှင့် ဆရာမကြီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**သံဖြူဇရပ် ဇန်နဝါရီ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက သံဖြူဇရပ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက သံဖြူဇရပ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၂၃ အုပ်စုမှ ပြည်သူ ၆၃၄ ဦး၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၁၄၁ ဦး စုစုပေါင်း ၃၇၇၅ ဦးတို့ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သူဇာနှင့်အဖွဲ့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# သီပေါ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

**သီပေါ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်ထိ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံမီးပွိုင့်တွင် စည်းကမ်းပျက်မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးခဲ့ကြသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်ဖြင့် နှစ်ဦးထက်ပို၍တင်ဆောင်သွားလာခြင်းမပြုရေး၊ ဆိုင်ကယ်စီးဦးထုပ်ဖြင့် စနစ်တကျ မေးသိုင်းကြိုးတပ်ဆင်စီးနင်းရေး၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်းမပြုရေး၊ ယာဉ်ရပ်နားရန်နေရာမဟုတ်သည့် နေရာများတွင် ယာဉ်ရပ်နားခြင်းမပြုရေး၊ ယာဉ်နှင့်သက်ဆိုင်သည့် နံပါတ်ပြားများ တပ်ဆင်ထားရှိရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်သည့် မော်တော်ယာဉ်ဥပဒေသစ်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးတို့ကို ပညာပေးဆွေးနွေးပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်အခမ်းအနား ဘားအံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ ဇန်နဝါရီ ၂၉**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဘားအံမြို့ ဖွဲကပင်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ကရင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း၊ ဘားအံမြို့နယ် စာရေးဆရာများအသင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဗိုလ်ချုပ်၏ လေးစားအားကျဖွယ်၊ အတုယူဖွယ်ဂုဏ်ဒြပ်များကို ဖော်ညွှန်းသည့် တက္ကသိုလ်၊ ကောလိပ်အဆင့်နှင့် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူ ပန်းချီပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ဗိုလ်ချုပ်မိန့်ခွန်းကောက်နုတ်ချက် ပြောဆိုမှုပြိုင်ပွဲများကိုလည်းကောင်း၊ ဗိုလ်ချုပ်၏ငယ်စဉ်ဘဝ ကျောင်းသားဘဝမှစ၍မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် ဖြတ်သန်းခဲ့ရသည့် ဘဝအဖုံဖုံကို ဖော်ညွှန်းထားသည့်ဓာတ်ပုံနှင့် ပန်းချီကားများ၊ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားခဲ့သည့် စာများ၊ စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်ပြခန်းများကိုလည်းကောင်း၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် ဗိုလ်ချုပ်၏သမိုင်းဝင်မော်ကွန်းရုပ်ရှင်ကားများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**လူငယ်များ အတုယူနိုင်ရန်**

အဆိုပါအခမ်းအနားကို လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအတွက် သက်စွန့် ကြိုးပမ်းဆောင်ရွက်ချက်များကို လူငယ်များ အစဉ်အဆက်သိရှိကြစေရန်၊ ဗိုလ်ချုပ်၏ ဖြောင့်မတ်တည်ကြည်စိတ်၊ ရဲဝံ့စိတ်၊ မဆုတ်မနစ်အားထုတ်တတ်သောစိတ်များကို လူငယ်များ အတုယူနိုင်စေရန်နှင့် စိတ်ဓာတ်ရော အရည်အသွေးပါ ပြည့်ဝ၍ နိုင်ငံအတွက် ရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်လိုသော လူငယ်များဖြစ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထာဝရမန္တလေးဖောင်ဒေးရှင်းမှ တတိယအကြိမ် ပညာသင်ဆုများပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၉**

ထာဝရမန္တလေးဖောင်ဒေးရှင်း တည်ထောင်ခြင်း (၃) နှစ်ပြည့် အထိမ်းအမှတ် နှစ်ပတ်လည်ပွဲနှင့် တတိယအကြိမ်မြောက် ပညာသင်ထောက်ပံ့ ကြေးပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ဟိုတယ်ရွှေပြည်သာ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များလှူဒါန်းသည့် အလှူငွေများအား လက်ခံသည်။

ဆက်လက်၍ အသင်းတာဝန်ရှိသူများက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းငွေအား တိုင်းဒေသကြီးဝန်ကြီးချုပ်ဇနီး ဒေါက်တာဒေါ်ယုယုမေက လည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံသို့ လှူဒါန်းသည့် Monitor နှစ်လုံးအား တာဝန်ရှိသူတစ်ဦးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမောင်ကိုက ထာဝရမန္တလေးဖောင်ဒေးရှင်း၏ လှူဒါန်းမှုများနှင့် ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်စကားပြောကြားပြီး ၂၀၁၈ ခုနှစ် ပညာသင်ဆုရရှိကြသော ဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ နည်းပညာတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူ သုံးဦးနှင့် ပညာရေးတက္ကသိုလ်ဝင်ခွင့်ရသူ ကျောင်းသူနှစ်ဦးတို့အား ပညာသင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထာဝရမန္တလေးဖောင်ဒေးရှင်းမှ ယနေ့ပေးအပ်သော ပညာသင်ဆုမှာ တတိယအကြိမ်ဖြစ်ကြောင်းနှင့် အသင်းစတင်တည်ထောင်ချိန်မှ ယနေ့အထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၉၂၅၇၀၁၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း-TGI**

## ဂျပန်-မြန်မာ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါမှု၊ ရေမြေသဘာဝအရင်းအမြစ်များ ကြွယ်ဝမှု၊ သမမျှတသော ရာသီဥတုနှင့် လုပ်သားအင်အားပေါများမှု အခြေခံကောင်းများရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံမှု အခြေခံ အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း၊ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် Agri-business and Value Chain Development စီမံကိန်းကို အမြန်ဆုံးအကောင်အထည် ဖော်နိုင်ရေးအတွက် ဂျပန်နိုင်ငံ MAFF နှင့် JICA တို့နှင့်အတူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ စိုက်ပျိုးရေး မဟာဗျူဟာနှင့် ချိတ်ဆက်လျက် အစားအစာတန်ဖိုး ကွင်းဆက်တစ်လျှောက် လိုအပ်ချက်များကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့က နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်စေပြီး နှစ်ဖက်အကျိုးဖြစ်ထွန်း အောင်မြင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော် Park Royal Hotel ၌ပြုလုပ်သည့် ဂျပန်-မြန်မာ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ပြောသည်။

ထို့နောက် ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (MAFF) ညွှန်ကြားရေးမှူး Mr. KUMAGAI Toru က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ Business Matching ဆောင်ရွက်ရန်များ၊ သီးနှံစိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် သမဝါယမကဏ္ဍများစသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆွေးနွေးခြင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) နှင့် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးပြည့်မီရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ လယ်ယာဝန်ဆောင်မှုပေးသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် နည်းလမ်းနှင့် ပုံစံများ ချမှတ်ဆွေးနွေးခဲ့ကြသည်။

**အောင်မိုး(စိုက်ပျိုးရေး)**

# အနုပညာသတင်း

## ပိုမိုကောင်းမွန်တဲ့အသွင်အပြင်နဲ့ ပြန်လည်ပေါ်ထွက်လာမယ့် ဘိုပီ

ဒစ်စနေရဲ့ ကျော်ကြားတဲ့ ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဘိုပီဟာ လာမယ့်ရုပ်ရှင်သစ်မှာတော့ ယခင်ရုပ်ရှင်တွေနဲ့မတူတဲ့ ပိုမိုထူးခြားတဲ့ပုံစံနဲ့ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း လတ်တလော မှာ ထုတ်လွှင့်ပြသခဲ့တဲ့ "Toy Story 4" ရဲ့အစမ်းရုပ်ရှင်မှာ တွေ့မြင်ခဲ့ရတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့မှာ ဒစ်စနေက "Toy Story 4" အတွက် အစမ်းရုပ်ရှင်ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီအစမ်းရုပ်ရှင်မှာတော့ အဓိကအမျိုးသမီးဇာတ်ကောင်ဖြစ်တဲ့ ဘိုပီဟာ ယခင်တွေ့နေကျပုံစံတွေထက် ပိုမိုကောင်းမွန်လှပတဲ့ ပြင်ဆင်မှုမျိုးရှိနေတာကို တွေ့ရပါတယ်။ အခြားသော အမျိုးသားဇာတ်ကောင်တွေဖြစ်ကြတဲ့ ဝူဒီနဲ့ ဘက်ဇ်တို့လည်း အစမ်းရုပ်ရှင်မှာ ပါဝင်နေတာ တွေ့ရပါတယ်။

"Toy Story" ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ပရိသတ်တွေအနေနဲ့ ပြီးခဲ့တဲ့ "Toy Story 3" မှာ ဘိုပီ ပျောက်ဆုံးနေတာကို သတိထားမိကြမှာဖြစ်ပါတယ်။ လာမယ့်ရုပ်ရှင်သစ်မှာတော့ ဘိုပီ ပြန်လည်ပါဝင်လာမှာဖြစ်ပြီး ပိုမိုဆန်းသစ် လှပသွားတာကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

## ချစ်သူနဲ့အတူတွဲကာ ပွဲတက်လာတဲ့ အမ်မာစတုန်း

ကျော်ကြားတဲ့ ဖြိတိန်မင်းသမီးတစ်ဦးဖြစ်သူ အမ်မာစတုန်းဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ "Screen Actors Guild Awards" ဆုပေးပွဲကြီးကိုတော့ ချစ်သူနဲ့အတူတွဲကာ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ကြတာတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ အမ်မာစတုန်းဟာ ချစ်သူဖြစ်တဲ့ ဒေ့ဗ်မက်ကာရေးနဲ့ အတူတွဲကာ ဆုပေးပွဲ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်ပေမယ့် အခမ်းအနားတွေကို အတူတက်ရောက်ခဲ့တာတော့ မတွေ့ရပါဘူး။ လူအများရှေ့လည်း ပေါ်ထွက်ခဲ တာဖြစ်ပေမယ့် လတ်တလောမှာတော့ ဆုပေးပွဲရဲ့ကော်ဇောနီပေါ် ပထမဆုံးအကြိမ်အဖြစ်လက်တွဲကာ တက်ရောက် ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



## ရုပ်ရှင်ရုံတွေဆီကို တစ်ကျော့ပြန်လာဦးမယ့် Black Panther

လူမည်းသရုပ်ဆောင်တွေနဲ့ အဓိကရိုက်ကူးထားပြီး လတ်တလော ကျင်းပခဲ့တဲ့ ဟောလိဝုဒ်အနုပညာထူးချွန်ဆု ပေးပွဲတွေမှာ ထူးချွန်ဆုတွေရရှိခဲ့ပြီးနောက် ရုပ်ရှင်ရဲ့အောင်မြင်မှုအပေါ် ဂုဏ်ပြုတဲ့အနေနဲ့ "Black Panther" ကို ရုပ်ရှင်ရုံတွေမှာ ပြန်လည်ပြသသွားမှာဖြစ်ကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ရုံဝင်ခွင့်ပေးဆောင်ရမှာ မဟုတ်ဘဲ လက် မှတ်တွေကိုတော့ အခမဲ့ပေးသွားမှာ ဖြစ်တယ်လို့အီးအွန်လိုင်းဒေ့ါ ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒစ်စနေက ထုတ်လုပ်ခဲ့တဲ့ "Black Panther" ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ ကျင်းပခဲ့တဲ့ "Screen Actors Guild Awards" ဆုပေးပွဲမှာ အမြင့်ဆုံးသော ဆုတစ်ဆုကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အတွက် ဒစ်စနေရဲ့ဥက္ကဋ္ဌဖြစ်သူ ရောဘတ်အီဂါက ယင်းရုပ်ရှင်ကိုပြန်လည်ရုံတင်သွားမှာဖြစ်ကြောင်းနဲ့ အခမဲ့ပြသသွားမှာဖြစ်ကြောင်း ပြောကြားလာတာဖြစ်ပါ တယ်။ ဒီအကြောင်းတွေကိုတော့ ရောဘတ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပြီး လူမည်းသရုပ်ဆောင်တွေအတွက် အောင်မြင်တဲ့လအဖြစ် ဂုဏ်ပြုတဲ့အနေနဲ့ ယခုလို "Black Panther" ကို ပြန်လည်ရုံတင်တာဖြစ်တယ်လို့လည်း ထည့်သွင်းရေးသား ဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် ယူနီဆက်ကိုလည်း အမေရိကန်ဒေါ်လာ တစ်သန်းခွဲ လှူဒါန်းသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

"Black Panther"ဟာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်တွေထဲမှာ ပါဝင်ခဲ့ပါတယ်။ ယင်းရုပ်ရှင်ဟာ ဒေသတွင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံရရှိခဲ့ကြောင်းလည်း သိရသည်။

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ



## ဩစတြေးလျအိုးပင်း တင်းနစ်ဖလား ဂျိုကိုဗစ် ခုနစ်ကြိမ်မြောက်ဆွတ်ခူး

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ သူ့ရဲ့ကစားသမားဘဝတစ်လျှောက် ခုနစ်ကြိမ်မြောက် ဩစတြေးလျအိုးပင်းတင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ မဲလ်ဘုန်းမှာရာဖေးလ်နာဒယ်နဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပြီး ရာဖေးလ်နာဒယ်ကို ၆-၃၊ ၆-၂၊ ၆-၃ နဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဂျိုကိုဗစ်နဲ့ ရာဖေးလ်နာဒယ်တို့ဟာ အဲဒီပြိုင်ပွဲမှာ ၂ နာရီနဲ့ ၄ မိနစ်ကြာ အကြိတ်အနယ်ကစားခဲ့ရတာဖြစ်ပြီး အခုလို အနိုင်ရရှိခဲ့တာကြောင့် သူ့ရဲ့တင်းနစ်ကစားသမားဘဝမှာ ဂရန်းဆလမ်း ၁၅ မြောက်အောင်မြင်မှုဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ ကစားသမားဘဝတစ်လျှောက်မှာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ခုနစ်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာလေးကြိမ်နဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ သုံးကြိမ်စသဖြင့် အသီးသီးဆုဖလားတွေ ဆွတ်ခူးထားနိုင်ခဲ့တာဖြစ်ပါတယ်။



## ခရစ္စတယ်ပဲလေ့ကိုရှုံးပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ စပါးထွက်ခဲ့ရ

စပါးအသင်းဟာ ခရစ္စတယ်ပဲလေ့အသင်းရဲ့ အိမ်ကွင်းမှာကစားခဲ့တဲ့အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့အသင်းကို ရှုံးခဲ့ရတာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲကနေထွက်ခဲ့ရပါပြီ။ အဲဒီပွဲစဉ်မှာခရစ္စတယ်ပဲလေ့အသင်းက ပွဲကစားချိန် ၉ မိနစ်မှာ ဝစ်ခမ်ရဲ့ သွင်းဂိုးနဲ့ပွဲကစားချိန် ၃၄ မိနစ်မှာ တောင်ဆန်ရဲ့ ပင်နယ်တီသွင်းဂိုးတို့ ရရှိခဲ့တာကြောင့်စပါးအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ စပါးအသင်း အနေနဲ့အခုလို ရှုံးထွက်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဟာ ရက်ပိုင်းအတွင်းမှာပဲ နှစ်ကြိမ်ဖြစ်ခဲ့ရတာပါ။ အဲဒါကတော့ပြီးခဲ့တဲ့ တစ်ပတ်က ကာရာဘာအိုဖလားပွဲစဉ် ဆီမီးဖိုင်နယ်အဆင့်မှာ ချယ်လ်ဆီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ပြီး အဲဒီပြိုင်ပွဲကနေထွက်ခဲ့ရတာဟာ ပူပူနွေးနွေးအခြေအနေမှာပဲ ရှိနေပါသေးတယ်။ အခုလို စပါးအသင်းရှုံးနိမ့်ခဲ့တာဟာ ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးကစားခဲ့တဲ့လေးပွဲမှာ သုံးပွဲမြောက် ရှုံးပွဲလည်းဖြစ်လာခဲ့ပါတယ်။



## အက်သလက်တီကိုမက်ဒရစ်ကို အငှားနဲ့ပြောင်းသွားတဲ့ မိုရက်တာ


ချယ်လ်ဆီးတိုက်စစ်မှူး မိုရက်တာဟာ ၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီကုန်အထိ အက်သလက်တီကိုမက်ဒရစ်အသင်းကို အငှားနဲ့ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ မိုရက်တာဟာ ၂၀၁၇ ခုနှစ်ဇူလိုင်လအတွင်းက အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်တဲ့ ပေါင်သန်း ၆၀ နဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ချယ်လ်ဆီးအသင်းကို ပြောင်းလာခဲ့တာဖြစ်ပါတယ်။ မိုရက်တာဟာ ချယ်လ်ဆီးအသင်းနဲ့ အတူပရီမီယာလိဂ် ၄၇ ပွဲကစားပေးခဲ့ရာမှာသွင်းဂိုး ၁၆ ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ မိုရက်တာအနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို မရောက်ရှိခင်က လူငယ်ကစားသမားဘဝနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ကစားခဲ့တာဖြစ်တာကြောင့် သူ့ရဲ့ကစားသမားဘဝအစပြုခဲ့တဲ့ အသင်းဆီကို အငှားနဲ့ ပြန်သွားခဲ့တာဖြစ်ပါတယ်။ မိုရက်တာ အက်သလက်တီကိုမက်ဒရစ် ပြောင်းရွှေ့သွားတာနဲ့အပြိုင် ချယ်လ်ဆီးအသင်းကလည်း အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်ကိုပြီးခဲ့တဲ့ တစ်ပတ်က အငှားစာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ မိုရက်တာအတွက် ချယ်လ်ဆီးအသင်းနဲ့အတူ နောက်ဆုံးကစားခဲ့ရတဲ့ ပွဲစဉ်ကတော့ ချယ်လ်ဆီးအသင်းက နော့တင်ဟမ်ဖောရက်အသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တဲ့ပွဲစဉ်ဖြစ်ပြီး အဲဒီပွဲစဉ်မှာ မိုရက်တာက နှစ်ဂိုးစလုံးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။



## ဩစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဖြစ်လာတဲ့ အိုဆာကာ

ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာဟာ ဩစတြေးလျနိုင်ငံမဲလ်ဘုန်းမြို့မှာ ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင် းတင်းနစ်ပြိုင်ပွဲမှာ ချက်တင်းနစ်မယ် ပက်ထရာဗစ်တိုဗာကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံဖြစ်လာခဲ့ပါတယ်။ နာအိုမီအိုဆာကာဟာ ဗစ်တိုဗာကို ၇-၆(၇-၂)၊ ၅-၇၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အခုလို အနိုင်ရရှိခဲ့တာကြောင့် တင်းနစ်မယ် အိုဆာကာအနေနဲ့ နှစ်ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားရရှိခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်ကလည်း အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။ နှစ်နှစ်ဆက်တိုက်မတူညီတဲ့ ဂရန်းဆလမ်းဆုဖလားနှစ်လုံးကိုရယူနိုင်ခဲ့တာကြောင့် အမျိုးသမီးတင်းနစ်လောကရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကလည်း အဆင့် ၄ နေရာကနေ နံပါတ်တစ်နေရာကိုရောက်ရှိလို့လာခဲ့တာလည်းဖြစ်ပါတယ်။

## အက်ဖ်အေဖလား ပဥ္စမအဆင့်မှာ ချယ်လ်ဆီးနဲ့မန်ယူ ထိပ်တိုက်တွေ့



အက်ဖ်အေဖလားပဥ္စမအဆင့်မှာချယ်လ်ဆီးအသင်းက မန်ယူအသင်းကိုစတမ်းဖို့ဒ်ဘရစ်ချ်မှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ လက်ရှိ အက်ဖ်အေဖလားချန်ပီယံဖြစ်ပြီး မန်ယူအသင်းနဲ့ထိပ်တိုက်တွေ့ဆုံခဲ့တဲ့အက်ဖ်အေဖလား နောက်ဆုံးသုံးပွဲစလုံးမှာလည်း အနိုင်ရရှိခဲ့တဲ့မှတ်တမ်းလည်းရှိခဲ့ပါတယ်။ မန်ယူအသင်းကတော့ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့်ခြောက်နေရာမှာ ရပ်တည်နေတာဖြစ်ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှာရော ချန်ပီယံလိဂ်ဖလားပြိုင်ပွဲမှာပါ ဆက်လက်ကစားရဦးမှာဖြစ်လို့ အဆင့်လေးမဝင်ချင်နေပါစေ ဆုဖလားတစ်လုံးရအောင်ယူမယ်လို့ မန်ယူနည်းပြ ဆိုးရှားကဆိုခဲ့ပါတယ်။ အခုမဲခွဲဆုံးဖြတ်လိုက်တဲ့ အက်ဖ်အေဖလားပဥ္စမအဆင့် ပွဲစဉ်တွေကတော့ ချယ်လ်ဆီးနဲ့မန်ယူ၊ ဝင်ဘယ်ဒန်နဲ့ မီဝေါလ်၊ ဒွန်ကတ်စတာနဲ့ခရစ္စတယ်ပဲလေ့၊ ဆွမ်ဆီး သို့မဟုတ်ဘားနက်နဲ့ ဘရန်းဖို့ဒ်၊ ပို့စ်မောက်သို့မဟုတ်ကျူပီအာနဲ့ ဝက်ဖို့ဒ်၊ ဘရိုက်တန် သို့မဟုတ် ဝက်စ်ဘရွန်းနဲ့ ဒါဘီကောင်တီ၊ ဘရစ္စတိုးစီးတီးနဲ့ရှုရီဘူရီ သို့မဟုတ် ဝုလ်ဗက်၊ မစ်ဒယ်ဘရော့ သို့မဟုတ် နယူးပေ့ါကောင်တီနဲ့ မန်စီးတီးတို့ဖြစ်ပါတယ်။အခုမဲခွဲလိုက်တဲ့ အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၅ နဲ့ ၁၈ ရက်အတွင်းမှာကျင်းပမှာလည်းဖြစ်ပါတယ်။

# "ပြည်သူ့ရင်ပြင် တရားအလှူ ဓမ္မသဘင် ကျေးဇူးတင်လွှာ"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်** ကို (၁.၁.၂၀၁၉) မှ (၃.၁.၂၀၁၉) အထိ (၃) ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။ ထိုဓမ္မသဘင် ဆင်ယင်ကျင်းပနိုင်ရန်အတွက် တရားထူးတရားမြတ်များအား ကြွရောက်ချီးမြှင့် ဟောကြားပေးပါသော ဆရာတော်ကြီးများ ဖြစ်သည့် . . .

- **ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသ (မန်းမော်တိုက်ဆရာတော်)**
- **ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)**
- **ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်)**

ဆရာတော်ကြီးများနှင့် ပရိတ်တရားတော်များ ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာကုဏ္ဍိဓဇလ နှင့် သံဃာတော်များအားလည်းကောင်း၊ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ တရားနာဓမ္မမိတ်ဆွေ အပေါင်းအားလည်းကောင်း၊ (၃) ရက်တိုင်တိုင် တရားနာကြွရောက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှင့် ဇနီး ဒေါ်ခင်မိမိကြွယ်တို့အားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် လူကြီးမင်းများနှင့် လွှတ်တော်အသီးသီးမှ လူကြီးမင်းများအား လည်းကောင်း၊ တရားပွဲကျင်းပရေး အထောက်အကူပြုကော်မတီနှင့် မြေပြင်အထောက်အကူပြုကော်မတီအား လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုပွဲကျင်းပပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား လည်းကောင်း၊ လေးကျွန်းသူ ဖောင်ဒေးရှင်း၊ ဝိသာခါ ဖောင်ဒေးရှင်း၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအမှုဆောင်အဖွဲ့၊ ရွှေပါရမီ ဖောင်ဒေးရှင်းတို့အား လည်းကောင်း၊ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးကြပါသော အလှူရှင်ကြီးများနှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းပေးကြပါသော အလှူရှင် အသီးသီးတို့အားလည်းကောင်း၊ မေတ္တာစေတနာအပြည့်အဝဖြင့် လာရောက်ကူညီဆောင်ရွက် ကုသိုလ်ယူကြသော ရန်ကုန်တိုင်း အတွင်းရှိ ပရဟိတအသင်းအဖွဲ့များအားလည်းကောင်း၊ အာဟာရဒါနအလှူရှင်များနှင့် ဝေယျာဝစ္စလုပ်ကိုင်ဆောင်ရွက်ပေးကြပါသော ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ လှူဒါန်းပေးကြပါသော အလှူရှင်အပေါင်းတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့၊ ရန်ကုန်တိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ကြက်ခြေနီတပ်ဖွဲ့တို့အား လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်၊ Tun Thwin Mining Co., Ltd ၊ ရွှေဖိုင်းဖြူ စက်သုံးဆီရောင်းဝယ်ရေး၊ လုကမ္ဘာပရိဘောဂ၊ အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီ၊ သိန်းမြန်မာ ခန်းဆီးလိုက်ကာလုပ်ငန်း၊ ZIGZAG Engineering Co., Ltd. ၊ Myanmar Best Security Co., Ltd. ၊ Fortun Int'l Ltd. ၊ ကြာငါးခိုင် သက်န်းတိုက်၊ ပန်းဝါသနာရှင်များ အသင်း၊ A1 စိုးမြင့် စည်သူတင်တင်မြ တေးဂီတအဖွဲ့နှင့် အနုပညာရှင်များ၊ Shwe Sin Decoration Group အဖွဲ့၊ Excel Security Services Co., Ltd နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ကုမ္ပဏီ အသီးသီးတို့အားလည်းကောင်း၊ တိုက်ရိုက်ထုတ်လွှင့် ပေးပါသော SKY NET ရုပ်သံ၊ MRTV 4 ရုပ်သံနှင့် အခြားရုပ်သံလွှင့်လိုင်းများအား လည်းကောင်း၊ FM Radio သတင်းဌာနများ၊ အခမဲ့သတင်း ရေးသားပေးပါသော သတင်းစာ၊ ဂျာနယ်များအားလည်းကောင်း၊ ဝိတိုရိယဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ Grand Hantha Int'l ဆေးရုံ၊ ပင်လုံဆေးရုံ၊ SSC ဆေးရုံ၊ OSC ဆေးရုံ၊ ဗဟိုစည်ဆေးရုံ၊ တိုင်းကျန်းမာရေးဆေးရုံတို့အား လည်းကောင်း၊ အခမဲ့ Taxi အငှားယာဉ်မောင်းများအဖွဲ့၊ Mini Bus ပရဟိတ ကူညီကြသူများ အဖွဲ့တို့အားလည်းကောင်း၊ ဓမ္မသဘင်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြပါသော ဓမ္မမိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ရန်ကျန်ရှိနေသော ဓမ္မမိတ်ဆွေညီအစ်ကိုမောင်နှမများနှင့်အလှူရှင်များအားလည်းကောင်း၊ တရားကို မြတ်နိုး၊ တရားကိုချစ်ခင်သော မြန်မာတစ်နိုင်ငံလုံးမှ တရားနာ မိဘပြည်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူး ဥပကာရတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်သစ်မှာ ကျန်းမာချမ်းသာ အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နှစ်သစ်ကူးတရားအလှူ ဓမ္မသဘင်ဖြစ်မြောက်ရေးကော်မတီ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီဖွဲ့စည်းရန် အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးအား ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့သည့်အတွက် ၎င်း၏နေရာတွင် နတ်မောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်းအား အဖွဲ့ဝင်အဖြစ် အစားထိုး ခန့်အပ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက် ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးအစား သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်အားလည်းကောင်း၊

စာမျက်နှာ ၆ ကော်လံ ၁ သို့



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်မှတစ်ဆင့် တိုင်းရင်းသားများအကြား ခရီးသွားလာရေးနှင့် စီးပွားရေးအခွင့်အလမ်းသစ်များဖြစ်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်မှသည် တိုင်းရင်းသားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့်အတူ ခရီးသွားလာရေးလုပ်ငန်းများနှင့် ဒေသထွက်ကုန်များကို တိုင်းရင်းသားများအချင်းချင်း ဆက်သွယ်ရောင်းချနိုင်သည့် စီးပွားရေးအခွင့်အလမ်းများဖြစ်ပေါ်စေကြောင်း ပြခန်းလာရောက်ဖွင့်လှစ်ရောင်းချသည့် တိုင်းရင်းသားများက ပြောသည်။



"ဒီပြခန်းမှာ ကျွန်တော်တို့ဘက်ကထုတ်လုပ်တဲ့ ပစ္စည်းတွေနဲ့ ဘိန်းအစားထိုး စိုက်ပျိုးထားတဲ့ လက်ဖက်တို့၊ ပျားလိမ္မော်တို့ ရောင်းချပါတယ်။ ကျွန်တော်တို့ ဒေသက ကုန်ပစ္စည်းက ရှားပါးပစ္စည်းဖြစ်သလို ပြည်မနဲ့ထိတွေ့ ရောင်းဝယ်ဖောက်ကားလို့ မလွယ်တဲ့ပစ္စည်းဖြစ်တဲ့အတွက် အခုရောင်းခွင့်ရတာ အင်မတန်မှ အားရကျေနပ်စရာကောင်းပါတယ်။ အားပေးတဲ့ တိုင်းရင်းသားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဘက်က အများကြီးယူလာချင်တယ်။ ထွက်ကုန်ပစ္စည်းတော်တော်များများ ရှိတယ်။ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး ခက်ခဲမှုကြောင့် အဝတ်အစားတွေဆို ရောင်းချဖို့အများကြီး မပါဘူး။ ကျွန်တော်တို့ရိုးရာလွယ်အိတ်၊ အဝတ်အထည်တွေဆိုရင်လည်း ပြဖို့ပဲပါလာတယ်။ တခြားတိုင်းရင်းသားတွေတော့ မသိဘူး 'ဝ'လူမျိုးတွေအနေနဲ့ ဒီလိုပွဲ ကျင်းပပေးတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်မှာ ပါဝင်ခွင့်ရတာကို ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ 'ဝ'ဆိုတာက ကိုယ်ပိုင်စာပေ၊

စာမျက်နှာ ၉ ကော်လံ ၅ သို့

## အိန္ဒိယဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ အိန္ဒိယဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အိန္ဒိယနှင့်အတူ မြန်မာ၊ နီပေါနှင့် အီရန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် (၃/၄) နေရာရအသင်းမှာ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို ဖေဖော်ဝါရီ ၉၊ ၁၁၊ ၁၃ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် ဂိုး-ဇာဇာမြင့်၊ မေဇင်နွယ်၊ နောက်တန်း-ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ အလယ်တန်း-ရှုပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ ရှေ့တန်း-ရီရီဦး၊ ဝင်းသိဂီထွန်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။

ရှိုင်းထက်ဇော်


သင်္ချာ သဒ္ဒါ နိုင် တည်ထောင်သော

"ရလဒ် ကောင်းဖို့ ကျောင်းကောင်း ရွေးပါ"



မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်)



မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်)

ကျောင်း (၁)
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ဖြိုးအမှတ် ၉(ခ)၊ မနော်ဟာရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၉ ၂၅၀ ၃၁၂ ၀၂၀၊ ၀၉ ၈၉ ၄၄၈ ၄၄၄၈၊ ၀၉ ၈၉ ၄၄၈ ၄၄၄၉

ကျောင်း (၂)
မင်္ဂလာ
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
(၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈၈ ၉၂၀ - ၂၅

အဆင့်မြင့်ဘော်ဒါ
(KG မှ တက္ကသိုလ်ဝင်တန်း)
(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉ ၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃

ကျောင်း (၃)
သုမင်္ဂလာ
ကိုယ်ပိုင်အထက်တန်းကျောင်း
(အထက်တန်း၊ အလယ်တန်း)
နေ့တက်ဘော်ဒါ
၁၀၂၆(ခ)၊ သုမင်္ဂလာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း ၀၁ ၅၇၂ ၆၀၀၊ ၀၉ ၂၅၂၅၃ ၅၅၀၀၊ ၀၉ ၇၀ ၀၂၀ ၅၆၇၅

အဆင့်မြင့်စာသင်ဝိုင်း
FORWARD
(၈ တန်း၊ ၉ တန်း၊ ၁၀ တန်း)
၁၀ တန်း [ဉာဏ်ရည်မြင့် (၉) ယောက်ဝိုင်း]
(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၉ ၆၄၉၊ ၀၉ ၈၉ ၄၄၈ ၄၄၄၅

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကိုရယူပါ]